ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 14 April 2021 ၁၀၃၄၇

# မြောက်ဦးမြို့၌ သင်္ကြန်အကြိုနေ့တွင် ရှေးဟောင်းသမိုင်းဝင်အထင်ကရ ဘုရားပုထိုး၊ စေတီများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ဘုရားရေသပ္ပာယ်ပူဇော်



မြောက်ဦး ဧပြီ ၁၃

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ နှစ်သစ်ကူးအတာသင်္ကြန် အကြိုနေ့တွင် မြို့ပေါ်ရပ်ကွက်နေပြည်သူများက ရခိုင့်ရှေးဟောင်းသမိုင်းဝင် ဘုရားပုထိုး၊ စေတီများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ဘုရားရေသပ္ပာယ် ပူဇော်ခြင်းအား ယနေ့ညနေ ၃ နာရီက မြို့တွင်းသို့ လှည့်လည်ပြီး ရေသပ္ပာယ်ပူဇော်ခဲ့ကြောင်း သိရသည်။

**အစဉ်အလာမပျက်**

အဆိုပါ နှစ်သစ်ကူးအတာသင်္ကြန် ကျရောက်သည်နှင့်အညီ ရှေးဟောင်းယဉ်ကျေးမှု မြောက်ဦးဒေသတွင်လည်း ရခိုင်ပြည်နယ်၏ ထုံးတမ်းစဉ်လာတစ်ရပ်အဖြစ် အမြဲဆင်ယင်ကျင်းပလျက်ရှိသော ဘုရားရေသပ္ပာယ်ပူဇော်ခြင်းကို ဗုဒ္ဓဘုရားရှင်အား ရည်မှန်း၍ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပခြင်းဖြစ်သည်။

**ရေသပ္ပာယ်**

ထိုသို့ ဘုရားရေသပ္ပာယ်ပူဇော်ရာတွင် ရခိုင့် အပျို/လူပျိုများက နံ့သာဖြူ၊ နံ့သာနီ အစရှိသော အမွှေးနံ့သာများအား သွေးပြီး ငွေဖလားများ၌ထည့်ကာ သပြေခက်များဖြင့် ဘုရားရှင်အား သွားရောက်ရေသပ္ပာယ်ခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့နှစ်သစ်ကူးအတာသင်္ကြန်

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❂

# သင်္ကြန်အကြိုနေ့တွင် ရန်ကုန်မြို့၌ YBS ယာဉ်လိုင်းများ ပြေးဆွဲလျက်ရှိ




ရန်ကုန် ဧပြီ ၁၃

ယနေ့ ၁၃၈၂ ခုနှစ် မဟာသင်္ကြန် အကြိုနေ့တွင် ရန်ကုန်မြို့တွင်း၌ YBS ယာဉ်များ ပြေးဆွဲလျက်ရှိသည်။

**အဆင်ပြေစေရန်**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲရေးအဖွဲ့ (YRTA)က ယခုနှစ်သင်္ကြန်ကာလ၌ ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရန် YBS ယာဉ်လိုင်းပေါင်း ၄၃ လိုင်းဖြင့် ယာဉ်စီးရေ ၆၂၇ စီး ပြေးဆွဲလျက်ရှိသည်။

အဆိုပါပြေးဆွဲမှုသည် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ သင်္ကြန်ကာလအတွင်း၌သာဖြစ်ပြီး ဧပြီ ၁၇ ရက်မှစ၍ ယာဉ်လိုင်းများအားလုံး ပုံမှန်ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

## ကြေးမုံ ယနေ့ ဖတ်စရာ

**သူပုန်များနှင့် နိုင်ငံရေး**

စာမျက်နှာ » ၆

**အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်နိုင်ဖို့ အချိန်မီ အိမ်ပြန်လာကြစေချင်တယ်**

စာမျက်နှာ » ၁၀

**ဖေ့စ်ဘွတ်အကောင့်တစ်ခု အရင်းပြု၍**

စာမျက်နှာ » ၁၅

ကြေးမုံ

# မွန်မြတ်သော မဟာသင်္ကြန်ကို ဗာလမဖြစ်စေရန်စောင့်ထိန်း

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် တန်ခူးလဆန်း ၃ ရက်၊ မဟာသင်္ကြန် အကျနေ့ ဖြစ်သည်။ ကျွန်ုပ်တို့သည် ရှေးအခါ တန်ခူးလကာလ၌ အတာကူးခြင်း၊ သင်္ကြန်ကျခြင်းတို့၏ အသွင်သဏ္ဌာန်တို့ကို အတော်အတန် မှန်းဆကြည့်မိကြရသည်။ တန်ခူးလဟူသော ဝေါဟာရနှင့်ပတ်သက်၍ ဝေါဟာရလီနတ္ထဒီပနီ၌ အချို့သောသူတို့မှာ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ် သင်္ကြန်အတာကူးသောကြောင့် တာကူးလဆိုသည်ဟု ဖွင့်ဆိုကြ၏။ သူတို့၏အဆိုမှာ တာကူးမှ တန်ခူးသို့ ပြောင်းသွားသည်ဟု ဆိုလိုဟန်ရှိ၏။

ဆရာကြီးဦးဖိုးလတ်ကမူ တာကူးဟူသော ဝေါဟာရမှာ "နှစ်ပြောင်းသည်၊ နှစ်ပြောင်းလ၊ တန်ခူးလ၊ မိဿရာသီ"ဟု ဖွင့်ဆို၏။ သူ၏အဆိုမှာ တာမှာ အချိန်, လ, ရာသီ, နှစ်ဖြစ်၍ ကူးမှာ ပြောင်းခြင်းဟုဆိုလိုသည်။ စင်စစ် နေ့နာရီ (၃၀)၊ ညဉ့်နာရီ (၃၀) ရှိ ရက်ပေါင်း (၃၆၅) ရက်၊ ၁၅ နာရီ ၃၁ မိနစ်၊ ခရာ ၃၀ ပြည့်မှ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေပြောင်း၍ မဟာသင်္ကြန်ကျ၏။ တစ်နှစ်မည်၏။ သင်္ကြန်ကျခြင်းနှင့်ပတ်သက်၍ အကျယ်ကို မဟာသင်္ကြန်စာ၌ တွေ့နိုင်သည်။ စာဆိုတို့က ကဗျာကာရန်တို့ဖြင့် ဖော်ကျူးကြသည်။ စာဆိုဦးကြော့က-

နှစ်သင်္ကြန်
ကူးခေတ်ဆော်စီမံ၍
လျှာဒါန် ညောင်ရေပန်းတွေနှင့်
ရေဖျန်း ကိုယ်စီခံကြ
စဲမည်ံ ပွဲတော်တွင်းမှာလ
လှဲ့လှဲ့ဝင်း မေကညာဖြူတို့နှင့်
ပဏ္ဏာတူ အချစ်စမ်းချိန်မို့
ရွှေသိင်္ဂါ ရဝေနန်းဆီသို့
လွမ်းစိတ်နှင့် ရှူး။

ဟု တန်ခူးလကို ဖွဲ့ခဲ့သည်။ သူသည် အတာကူးသော လတန်ခူး၏ အခါသင်္ကြန်ကို လှဲ့လှဲ့ဝင်းမေကညာဖြူတို့နှင့် ပဏ္ဏာတူ အချစ်စမ်းခဲ့သည်။ ရှေးအခါက စဉ်အလာ ရဝေနန်းကိုလည်း မျှော်မှန်းခဲ့သည်။ အကြောင်းကား ဦးကြော့တို့ခေတ်က လေးစားဖွယ်ရာသင်္ကြန်အခါမှာ အတော်အတန် ပုံပျက်နေဟန်ရှိသည်။ စင်စစ် နှစ်သင်္ကြန်အခါမှာ နှစ်သက်မြတ်နိုးစရာ ပျော်ရွှင်ကြည်နူးစရာဖြစ်၏။ သို့ရာတွင် လွန်ကျူးသွားပါလျှင် ဆန့်ကျင်ဘက်ဖြစ်တတ်၏။ အထူးသဖြင့် သူတစ်ပါးတို့အား အနှောင့်အယှက်မဖြစ်စေဘဲ ပျော်ရွှင်သင့်သည်။

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ သာဝတ္ထိပြည်၌ အပျော်အရွှင် နက္ခတ်သဘင် ကျင်းပလေ့ရှိ၏။ ထိုပွဲမှာ ခုနစ်ရက်တိုင်မျှ ကြာမြင့်ပြီး လူငယ်လူရွယ်တို့သည် လွန်စွာရမ်းရမ်းကားကား ပျော်ပါးကြသည်။ ထို့ကြောင့် လူကြီးလူကောင်းများ အပြင်သို့မထွက်ကြဘဲ ခုနစ်ရက်လုံး အိမ်တွင်းအောင်းနေကြရသည်။ မြတ်စွာဘုရားနှင့်သံဃာတော်တို့အားလည်း ထိုရက်အတွင်းမှာ ဆွမ်းခံမထွက်ရန် လျှောက်ကြားပြီး ကျောင်းတိုက်အတွင်းမှာပင် ဆွမ်းလုပ်ကျွေးကြ၏။

ထိုအခါ မြတ်စွာဘုရားက "ပညာမဲ့သော လူမိုက်တို့သည် မေ့လျော့မှုကို အားထုတ်ကြ၏။ ပညာရှိသည်ကား မမေ့မလျော့ခြင်းကို အမြတ်ဆုံးဥစ္စာကဲ့သို့ စောင့်ရှောက်၏။ ထို့ကြောင့် သင်တို့သည် မေ့လျော့ခြင်းကို အားမထုတ်ကြလင့်၊ အကြောင်းကား မမေ့မလျော့စျာန်ဝင်စားသူသည် ပြန့်ပြောသော ချမ်းသာသို့ ရောက်နိုင်သောကြောင့်တည်း"ဟု ဟောကြားတော်မူသည်။ သို့ဖြစ်၍ မမေ့မလျော့ဘဲ ကောင်းသောတရားများ ပွားများအားထုတ်သင့်ပြီး နှစ်သစ်ကူးပြောင်းကာလတွင် မကောင်းသောအမှုများကို ရှောင်ကြဉ်သင့်ပါသည်။

ထို့ကြောင့် သင်္ကြန်ကာလကဲ့သို့ နက္ခတ်သဘင်ပွဲတော်မျိုး မြတ်စွာဘုရားရှင် လက်ထက်တော်ကပင် ရခဲ့သည်။ ထိုနက္ခတ်ပွဲကို ဓမ္မပဒ၌ 'ဗာလနက္ခတ္တ'ဟု ခေါ်ကြသည်။ လူမိုက်နက္ခတ်ပွဲဟု ဆိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ယခုနှစ်မဟာသင်္ကြန်သည် ယခင့်ယခင်နှစ်များနှင့်မတူသော ထူးခြားမှုရှိပေသည်။ သင်္ကြန်ကို အရောင်ဆိုး၍ ကျွန်ုပ်တို့၏ မွန်မြတ်သောသင်္ကြန်ကို ထိုသို့လျှင် ဗာလမဖြစ်စေရန် စောင့်ထိန်းသင့်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ (၈) တွင် ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှုများကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်းကို ဖြစ်စေနိုင်သည့် အကြောင်းအရာများကိုသော်လည်းကောင်း ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်း မပြုရန် ပြဋ္ဌာန်းထားရှိပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် ပုံနှိပ်စက်များ၊ ပုံနှိပ်တိုက်များ၊ Digital Printing Machine များဖြင့် လုပ်ငန်းဆောင်ရွက်သည့် ဗီနိုင်းပုံနှိပ်လုပ်ငန်းများ၊ အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် လုပ်ငန်းဆောင်ရွက်နေသော သတင်းအေဂျင်စီများသည် အထက်ဖော်ပြပါ စည်းကမ်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာများကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းတို့ကို လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် မလိုက်နာပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ(၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်စာရင်းတွင် မိုလိုတော့ဗ်စာစောင် မပါဝင်ပါ။ အဆိုပါ မိုလိုတော့ဗ်စာစောင်မှာ တရားမဝင် ထုတ်ဝေဖြန့်ချိနေသော စာစောင်သာဖြစ်ပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၂-၄-၂၀၂၁)

## နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

နေပြည်တော် ဧပြီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ ၃ စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www.issuu.com/myanmarnewspaper ၊ https://www.moi.gov.mm/mal ၊ https://www.moi.gov.mm/km နှင့် https://www.moi.gov.mm/nlm တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အငယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - | ဦးဝင်းနိုင် | သတင်းထောက်များ | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | စာပြင် | - | ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | စာမျက်နှာဖွဲ့စည်းမှုနှင့် | - | ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| ဘာသာပြန် | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ | ဒီဇိုင်း | | |
| စာတည်းများ | | ဦးအောင်ကျော်ကျော် | အီးမေးလ်နှင့် အွန်လိုင်း | - | ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |
| အကြီးတန်း | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ | | | |
| သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း | | | |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မဲစာရင်းဖောင်းပွအောင်လုပ်မှုသည် ဆိုးရွားသည့်လုပ်ရပ်ဖြစ်

**NLD ပါတီသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မဲမသမာမှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြို့နယ် ၃၁၅ မြို့နယ်တွင် မဲမသမာမှုဟုယူဆရသည့် အရေအတွက် ၁၀ သန်းကျော်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ မဲစာရင်းဖောင်းပွအောင်လုပ်မှုသည် ဆိုးရွားသည့်လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့်စာမေးပွဲကို မတန်တဆအမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေပါကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြေးဆွဲ

**နေပြည်တော် ဧပြီ ၁၃**



ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိမဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

အလားတူ သက်ဆိုင်ရာဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သိရသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

၎င်းအပြင် သင်္ကြန်ကာလအတွင်း ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေ အပါအဝင် အခြား အပန်းဖြေနေရာများကိုလည်း ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက်စားသောက်ဆိုင်များ၊ ဟိုတယ်၊ မိုတယ်များကိုလည်း ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် လာရောက် အပန်းဖြေအနားယူနေသော ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဓာတ်ပုံ-ကျော်ဆန်းမြင့်**







## ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သတင်းထုတ်ပြန်ချက်

**ရန်ကုန် ဧပြီ ၁၃**

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၁၈-၂၀၁၉ ခုနှစ်က လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခဲ့ပါသည်။ ထိုသို့ ကပ်လှူပူဇော်ချိန်တွင် ကြာမှောက်ကြာလန်ဧရိယာရှိ ရွှေပြားများ မည်းကွက်နေကြောင်း တွေ့ရှိခဲ့ရပါသည်။ ထိုသို့ဖြစ်ခဲ့ရခြင်းမှာ ၂၀၁၄-၂၀၁၅ ခုနှစ်က ကြာမှောက်ကြာလန်ဧရိယာအား ရောင်တော်ဖွင့်ခဲ့ရာတွင် အသုံးပြုသည့် ဆေးရည်များကို ပြန်လည်သန့်စင်ရာ၌ ရေလုံလောက်စွာ အသုံးမပြုနိုင်ခဲ့ခြင်းကြောင့် မည်းကွက်ခဲ့ခြင်းဖြစ်နိုင်ကြောင်းနှင့် ရွှေပြားများပေါ်တွင် ကမွည်းရေးထိုးခဲ့ကြသည့်အတွက် အောက်ခံကြေးပြားပေါက်ပြီး မိုးရေစိမ့်ဝင်ဓာတ်ပြုကာ မည်းကွက်လာခြင်းဖြစ်နိုင်ကြောင်း သုံးသပ်တွေ့ရှိခဲ့ရပါသည်။

မှတ်တမ်းများအရ ၂၀၀၈-၂၀၀၉ ခုနှစ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူစဉ်က ကြာမှောက်ကြာလန်ဧရိယာတွင် ရွှေစင် ၄၄ ပိဿာ အသားတင်အသုံးပြုခဲ့ကြောင်းနှင့် Gold Coating ဖြတ်စည္ပပ်စ ၁ ပိဿာ သိမ်းဆည်းကျန်ရှိကြောင်း သိရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သည် ကြာမှောက်ကြာလန်ဧရိယာမှ မည်းကွက်နေသော Gold Coating ၃၈၉၅ ချပ်နှင့် အပိုင်းအစ ၄၆ စကို စနစ်တကျမှတ်တမ်းတင်ဖြုတ်ခွာပြီးနောက် သိမ်းဆည်းထားသော Gold Coating ဖြတ်စည္ပပ်စ ၁ ပိဿာခန့်နှင့်အတူ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ညှိနှိုင်းဆောင်ရွက်ချက်အရ သတ္တုဗေဒသုတေသနဌာန(အေလာ)သို့ ၆-၆-၂၀၁၉ ရက်နေ့မှ စတင်ပို့ဆောင်၍ သန့်စင်စေခဲ့ပါသည်။

ထိုသို့ သန့်စင်စေခဲ့ရာတွင် သတ္တုဗေဒသုတေသနဌာန(အေလာ)က ၇-၉-၂၀၂၀ ရက်နေ့တွင် ရွှေအရည်အသွေး စစ်ဆေးပြီး ပြန်ကြားခဲ့သော တရားဝင်အတည်ပြုချက်စာရင်းဇယားများအရ သန့်စင်ပြီး ရွှေအလေးချိန် ၃၇ ပိဿာ ၂၈ ကျပ်သား ၁၁ ပဲ ၄ ရွေး ပြန်လည်ရရှိခဲ့ပြီး ရွှေပြန်လည်ရရှိမှုရာခိုင်နှုန်း ၈၂.၆၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၎င်းသန့်စင်ပြီး ရွှေများ၏ ရွှေအရည်အသွေး Density ကို စစ်ဆေးခဲ့ရာတွင်လည်း ၁၆ ပဲရည် ၂၄ ကာရက် အဆင့် ၉၆.၇၄ ရာခိုင်နှုန်းရရှိခဲ့ကြောင်း မိဘပြည်သူများ သိရှိနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

**❂ ရှေ့ဖုံးမှ**

ပွဲတော်အကြိုနေ့ ဘုရားရေသပ္ပာယ်ပူဇော်ခြင်းအား မြို့ပေါ်ရပ်ကွက်နေပြည်သူများ၊ အနေးယာဉ်သမားများ၊ သုံးဘီးဆိုင်ကယ်အသင်း၊ မော်တော်ယာဉ်အသင်းနှင့် ထော်လာဂျီအသင်းများက မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသရှိ အထင်ကရဘုရားပုထိုး၊ စေတီများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ဘုရားရေသပ္ပာယ်ပူဇော်ကြကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ထုတ်ဝေ


**နေပြည်တော် မေ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။

အဆိုပါမိန့်ခွန်းစာအုပ်တွင် ၂၀၂၁ ခုနှစ် မတ်လအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့် အထိမ်းအမှတ်အခမ်းအနားများသို့ ပေးပို့သည့် သဝဏ်လွှာများ စုစုပေါင်း (၁၇) ပုဒ်ကို စုစည်းဖော်ပြပေးထားသည်။

မတ်လ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၁) တွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ထားကြောင်း၊ စီးပွားရေးကဏ္ဍတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းကို တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကောင်စီအဆင့်ဆင့်အနေဖြင့် ဒေသအလိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများသည် ကိုဗစ်ရောဂါဖြစ်ပွားထိခိုက်မှုနည်းနိုင်ပြီး ငွေပြန်ရလွယ်ကူသည့် ရောင်းကုန်လုပ်ငန်းဖြစ်သည့်အတွက် တောင်သူများကို စိုက်ပျိုးရေးလုပ်ငန်းကြိုးစားဆောင်ရွက်ရေး အားပေးရန်လိုကြောင်း၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ဦးတည်ချက်များလည်း ချမှတ်ပေးထားကြောင်း၊ လူမှုရေးဦးတည်ချက်တွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် ကျန်းမာရေးဦးတည်ချက်ပါရှိကြောင်း၊ ကျန်းမာရေးအထောက်အကူဖြစ်စေရန်အတွက် တစ်နိုင်ငံလုံးအနေအထားဖြင့် ပြင်ပတွင်ကစားရသည့် အားကစားပွဲများကို ပြန်လည်ကျင်းပရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားအားကစားတွင် မြန်မာ့သိုင်းအားကစားနည်းကို ထည့်သွင်းရန်လိုအပ်ကြောင်း၊ ယင်းအားကစားနည်းမှာ အပိုပစ္စည်းမလိုအပ်ဘဲ အားကစားပြုလုပ်နိုင်သည့် ကိုယ်ခံပညာအားကစားနည်းဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့ရိုးရာ အားကစားနည်းများကိုလည်း အားပေးရန်လိုအပ်ပါကြောင်း" ပြောကြားသည့် အမှာစကား၊ မတ်လ ၂ ရက်နေ့တွင် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် "ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် ယခုရာစုနှစ်အတွင်းမှာပင် ကမ္ဘာတစ်ဝန်း စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာနိုင်မည်ဟု ခန့်မှန်းထားရာ ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေရှိမည့် သီးနှံအမျိုးအစား၊ သီးနှံပုံစံ၊ စိုက်ပျိုးနည်းစနစ် စသည်တို့ကို ပြောင်းလဲစိုက်ပျိုးနိုင်မည့် အစီအမံများကို ရေတိုရေရှည် စီမံချက်များချမှတ်၍ သက်ဆိုင်ရာဌာနများနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရာသီဥတုပြောင်းလဲမှုကြောင့်သဘာဝဘေးအန္တရာယ်ကြီးများ ကြုံတွေ့ပါက စားနပ်ရိက္ခာမလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းအားကောင်းရေးတို့ကို နိုင်ငံတိုင်း အလေးထားဆောင်ရွက်လျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အစိုးရနှင့်ပုဂ္ဂလိက ညီညွတ်စွာပူးပေါင်း၍ အရန်မျိုးစေ့များ စုဆောင်းထားရှိခြင်း၊ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်း၊ သီးနှံပျက်စီးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အားပေးကူညီလျက်ရှိပါကြောင်း" စသည့်အကြောင်းအရာများ အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အမှာစကား၊ မိန့်ခွန်းများကို စုစည်းထုတ်နုတ်ထားသည်။



ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ် လူနာကုသဆောင်တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မေ ၁၂ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်း (နေပြည်တော်-မန္တလေးအပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် B.O.T စနစ်ဖြင့် ဆောင်ရွက်သည့် မန္တလေး-စစ်ကိုင်း-မုံရွာလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မုံရွာမြို့သို့ ရောက်ရှိရာ မုံရွာပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ် လူနာကုသဆောင်လုပ်ငန်းများ အောင်မြင်စွာ ပြီးစီးရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက မုံရွာမြို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၀)မှ တာဝန်ယူတည်ဆောက်နေသော ပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ် လူနာကုသဆောင် တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်အချိန်မီပြီးစီးရေး သက်ဆိုင်ရာဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း။

ရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စနစ်တကျ စိစစ်ချေတာသုံးစွဲသွားရန် လိုပါကြောင်း၊ ယခုဆေးရုံသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက်သာမက ဆက်စပ်နေသည့် တိုင်းဒေသကြီး / ပြည်နယ်တို့မှ ပြည်သူများအတွက်ပါ အကျိုးပြုနိုင်မှာဖြစ်ပါကြောင်း၊ ဆေးရုံအင်္ဂါရပ်နှင့်အညီ အရည်အသွေးကောင်းမွန်သော ဆေးရုံဖြစ်ရန်လိုပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများသွားလာရေး လွယ်ကူအဆင်ပြေစေရန် လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မုံရွာ-ရေဦး-ကလေးဝ လမ်းပေါ်ရှိ တံတားများမှာ ယခုဘဏ္ဍာနှစ်ကုန်လျှင် အားလုံးပြီးစီးမည်ဖြစ်ပါကြောင်း၊ မုံရွာ-ယာကြီး-ကလေးဝ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ကလေးဝ-ကျီကုန်း-တမူးလမ်းပေါ်ရှိ တံတားများကိုလည်း အဆင့်မြှင့်သွားရန် အစီအစဉ်များရှိပါကြောင်း ၊ တိုင်းဒေသကြီးအတွင်းရှိသစ်သားတံတားငယ်များကိုလည်း ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အခိုင်အမာ ကွန်ကရစ်တံတားများအဖြစ် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိ တိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား အခြေအနေများကိုလည်း ဆွေးနွေးပေးစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက မုံရွာပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ် လူနာကုသဆောင် တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေး ပြည့်မီစေရေးနှင့် အောင်မြင်စွာပြီးစီးရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ကူညီပံ့ပိုးဆောင်ရွက်ပေးစေလိုပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှု၊ တံတားများ မသမာသူလူတစ်စုက မီးရှို့ဖျက်ဆီးမှုနှင့် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ထားရှိမှု၊ တံတားဆောက်လုပ်ရေးအဖွဲ့များမှ တံတားများပြင်ဆင်ချိန်၌ လုံခြုံရေးဆောင်ရွက်ပေးမည်တို့ကို ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်က ပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ် လူနာကုသဆောင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ အဆောက်အဦအထူးအဖွဲ့ (၁၀) မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဂိုခန့်မာန်က ဘဏ္ဍာရေးနှစ်အလိုက် မြို့ပြ၊ ရေသန့်၊ လျှပ်စစ်ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် တည်ဆောက်ရေး မှတ်တမ်းဓာတ်ပုံများကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆေးရုံကြီး အချိန်မီပြီးစီးရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း မြို့ပြ၊ ရေသန့်၊ လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများ စုပေါင်း၍ မုံရွာပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*ဤဆောင်းပါးတွင် ဖော်ပြချက်များသည် ဆောင်းပါးရှင်၏ အာဘော်သာ ဖြစ်ပါသည်။*

# သူပုန်များနှင့် နိုင်ငံရေး

**•••••••••••••• သန့်နေစိုး ••••••••••••••**

တပ်မတော်က စတင်တာဝန်ယူခဲ့တဲ့ ဖေဖော်ဝါရီလ ၁ ရက်နေ့ကစပြီး နိုင်ငံရေးအလှုပ်အယမ်းတွေက ခပ်ကြမ်းကြမ်းဖြစ်လာရာက ဧပြီလပထမပတ် လောက်အရောက်မှာ လူအုပ်ကြီးတွေနဲ့ ဆန္ဒပြမှု တွေအစား လက်နက်ကိုင်၊ အကြမ်းဖက်၊ အရှင်လတ်လတ် မီးရှို့လူသတ်တဲ့ဖြစ်စဉ်တွေ ဖြစ်လာတယ်။ ကလေးငယ်တွေကို အသုံးချတဲ့အဆင့်အထိ ဖြစ်လာပါတယ်။

ဒီလိုလုပ်ရပ်မျိုးဆိုတာ နိုင်ငံရေးသမား၊ နိုင်ငံရေးပါတီတွေ လုပ်သင့်တဲ့အရာမဟုတ်ဘဲ အရှေ့အလယ်ပိုင်းက ပီလယ်လ်အိုနဲ့ ဟားမားစ်တွေ ကလေးစစ်သား အသုံးပြုပုံမျိုးနဲ့ တူနေတယ်။ NLD ဟာ သိက္ခာရှိတဲ့ နိုင်ငံရေးပါတီ မဟုတ်တော့ဘဲ စစ်သွေးကြွလိုလို၊ အကြမ်းဖက်လိုလိုအထာနဲ့ ကလေးသူငယ်တွေကို အလွဲသုံးစားလုပ် (Child Abuse) အထိ ကျူးလွန်လာနေပါတယ်။ ထူးခြားတာက NLD ဝန်းရံသူတွေရဲ့ အကြမ်းဖက် လူသတ်မီးရှို့မှုတွေနဲ့ ကလေးသူငယ်တွေအပေါ် အလွဲသုံးစားပြုမှုတွေကို ကုလသမဂ္ဂက မျက်နှာပြောင်တိုက် မသိချင်ယောင်ဆောင်နေပါတယ်။ ကုလသမဂ္ဂဟာ အကြမ်းဖက်အားပေး၊ ဆွံ့အနားမကြားအဖွဲ့ကြီး ဖြစ်သွားတာတော့ စိတ်မကောင်းစရာပါ။

ပါးစပ်က ဘယ်လိုပဲ ဒီမိုကရေစီလို့ ကြွေးကြော်နေပါစေ လုပ်ရပ်က အကြမ်းဖက်တဲ့လုပ်ရပ် ဖြစ်နေရင်တော့ “အကြမ်းဖက်အဖွဲ့” ပါပဲ။ ကမ္ဘာမှာ ချေမှုန်းခံရတဲ့ အကြမ်းဖက်အဖွဲ့ပဲရှိတယ်။ အာဏာရအကြမ်းဖက်အဖွဲ့ မရှိဘူး။ NLD အနေနဲ့ ၎င်းတို့ရဲ့ သူပုန်ထတဲ့လုပ်ရပ်ဟာ ဘယ်အခြေအနေထိ ရောက်နေပြီလဲဆိုတာကို ပြန်သုံးသပ်ရမှာ ဖြစ်ပါတယ်။ အသိဉာဏ်ရှိတဲ့ မြန်မာပြည်သူတွေအနေနဲ့လည်း ဘယ်လူသတ်အကြမ်းဖက်အဖွဲ့ကိုမှ အစိုးရအဖြစ် ထပ်မံလက်ခံမှာမဟုတ်တာ ပကတိအမှန်တရားပဲ။

ပွင့်ပွင့်လင်းလင်းပြောရရင် NLD ဟာ မြန်မာနိုင်ငံအတွက် အန္တရာယ်ကြီးပါတယ်။ ဝန်းရံသူတွေရဲ့ ရက်စက်ယုတ်မာမှု၊ လူမဆန်စွာ မီးရှို့သတ်ဖြတ်မှုတွေကြောင့်သာမကဘဲ NLD ရဲ့ အသိဉာဏ်နည်းတဲ့ မူဝါဒတွေကြောင့်ကို အန္တရာယ်ကြီးတာပါ။ ဘာလို့လဲ ...

**စတုတ္ထမျိုးဆက် စစ်ရေးဗျူဟာ**

**(4th Generation Warfare)**

ပထမအကြောင်းပြချက်က မျက်မှောက်ခေတ်ရဲ့ စတုတ္ထမျိုးဆက် စစ်ရေးဗျူဟာကြောင့် ဖြစ်ပါတယ်။ စတုတ္ထမျိုးဆက် စစ်ရေးဗျူဟာရဲ့ သဘောတရားကိုက ဘယ်လိုမတူညီမှု (လူမျိုး၊ ဘာသာ၊ နိုင်ငံရေးခံယူချက် စသည်ဖြင့်) ကနေမဆို အုပ်စုတွင်း ပဋိပက္ခဖြစ်အောင် လှုံ့ဆော်ပြီး စစ်ပွဲအတွင်း ဆွဲယူသွားနိုင်တာပါ။

NLD လုပ်နေတာကို ကြည့်ပါဦး။ ငါနဲ့မတူ ငါ့ရန်သူ။ အမြင်မတူရင် လူသတ်ဖို့ ဝန်မလေးဘူး၊ စင်ပြိုင်အစိုးရဖွဲ့တယ်။ လူငယ်တွေကို ဖောက်ခွဲရေးသင်တန်းတွေ၊ စစ်သင်တန်းတွေပေးတယ်။ 4th Generation Warfare အရ ပြည်တွင်းစစ်ဖြစ်ဖို့ လောင်စာကြီးလိုလို ဖြစ်နေတော့တာပါ။ နိုင်ငံတော်ကို လက်လုပ်သေနတ်တွေ စွဲကိုင်ပုန်ကန်ပြီး သူပုန်ထနေမှတော့ နိုင်ငံရေးပါတီလို့ ပြောဖို့တောင် ခက်သွားပါပြီ။

**Black Propaganda**

ဒုတိယတစ်ချက်ကတော့ ဝါဒမှိုင်းပါ။ ဝါဒဖြန့်တာကမှ ပျက်စီးရာပျက်စီးကြောင်းကို မိုးလုံးပြည့် မုသာဝါဒတွေနဲ့ ဝါဒဖြန့်တာပါ။ အမေရိကန်စစ်တပ်ဝင်လာပါ။ R2P တွေ လာပါလို့လည်း ခေါ်ကြတယ်။ နိုင်ငံတကာအမြင်မှာ ထိန်းမနိုင်သိမ်းမရ ပုံစံမျိုးလည်း သိပ်ပြချင်တယ်။ တရုတ်ပိုင်စက်ရုံတွေကို မီးရှို့ပြီး စစ်တပ်နဲ့ရဲက ရှို့ပါတယ် လုပ်သေးတယ်။ Chinese funded factories were smashed and burned by lawbreakers ဆိုပြီး CGTN မှာ ပါလာပါတယ်။ အရှက်မဲ့ပြီး ညစ်ညမ်းစုတ်ပဲ့တဲ့ ထဘီတန်းတွေ လမ်းပေါ်ပြည့်သွားတာကအစ NLD ရဲ့ အဆင့်အတန်းပဲ။

ဒီလောက်ယုတ်မာညစ်ညမ်းတဲ့ အဆင့်အတန်း၊ ရက်စက်တဲ့အကြမ်းဖက်လူသတ်မှုတွေနဲ့ ဒီမိုကရေစီ ဘယ်လိုတည်ဆောက်မလဲ။ ရက်ဖို့တောင်ကောင်းတာပါ။ ဒီလိုအဖွဲ့ကြီးကို အဓိကထောက်ခံအားပေးနေတဲ့လူတွေကို ကြည့်လိုက်တော့လည်း (ပေါလိဝုဒ်)လို့ ကျွန်တော်တို့ သရော်ရတဲ့ အနုပညာသည်တွေ အများစုဖြစ်နေတယ်။

တစ်သက်လုံးက ပေါကားရိုက်၊ ပြဇာတ်ဆန်တဲ့ အိုက်တင်တွေနဲ့ သုံးရက်တစ်ကားရိုက်ပြီး ကော်ပီသီချင်းတွေ ရေးနေရလို့ (Warfare/ Neo Colonialism စသဖြင့်) နိုင်ငံရေးတွေ မသိဘူးပဲထား၊ ဥပဒေတွေ နားမလည်ဘူးပဲထား၊ အသက်လေးဆယ်ကျော်အထိ ကျောင်းသားကားတွေရိုက်နေရလို့ အသိဉာဏ်က လိုက်ကြီးမလာဘူးပဲထား၊ NLD ထောက်ခံသူတွေ ဘယ်လိုလူမဆန်ဘူးဆိုတာလေးတောင် သူတို့မမြင်ကြဘူးလား။ တိုင်းပြည်တည်ငြိမ်ဖို့ထက် တစ်ကိုယ်စာ အကျိုးစီးပွားတွေကို ပိုင်ငွေနေရမယ်ဆိုလည်း ကိုယ်ရွေးတဲ့လမ်းပေါ့။ ဆိုလိုတာက NLD ရဲ့ ဝါဒမှိုင်းနဲ့ ပျက်စီးရာပျက်စီးကြောင်းအကြံတွေက တိုင်းပြည်အတွက် အတော်အန္တရာယ်ကြီးတယ်။

**အမျိုးသားပြန်လည်ရင်ကြားစေ့ရေး**

နောက်ဆုံး အရေးအကြီးဆုံးအချက်က NLD ဟာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အကြီးမားဆုံး အဟန့်အတားပဲ။ တပ်မတော်ကို တစ်ချိန်လုံးပုတ်ခတ်ဆဲဆိုစော်ကားနေလို့မို့ NLD ဟာ တပ်မတော်ကို မလေးစားဘူးလို့ပဲ ယူဆရမှာ မဟုတ်ပါဘူး။ ၂၀၂၀ ရွေးကောက်ပွဲမှာ ကြီးမားတဲ့ မဲမသမာမှုကြီးကို ကျူးလွန်ပြီး လုံးဝမရှင်းဘဲ အတင်းအဓမ္မ လွှတ်တော်ခေါ်ယူဖို့ ကြိုးစားခြင်းနဲ့ နိုင်ငံတော်အပေါ် စော်ကားလိုက်ပါတယ်။

CDM မပါဝင်တဲ့ ဝန်ထမ်းတွေကို ပုတ်ခတ်ဆဲဆိုစော်ကား၊ အမြင်မတူတဲ့ ပြည်သူတွေကို ဒလန်လို့ စွပ်စွဲ၊ ရက်ရက်စက်စက်သတ်ဖြတ်ပြီး ပြည်သူကို စော်ကားလိုက်ပါတယ်။

အပြစ်မဲ့တဲ့ ကလေးသူငယ်တွေကို ဆန္ဒပြတဲ့နေရာမှာ အသုံးချ၊ အကြမ်းဖက်တိုက်ခိုက်ခိုင်းပြီး တစ်မျိုးသားလုံးရဲ့ အနာဂတ်ကိုပါ မှိုင်းတိုက်စော်ကားလိုက်ပါတယ်။

ရှိသေးတယ်။ ဟို မတရားအသင်း ကြေညာခံထားရတဲ့ CRPH။ လူတွေကသာ ဝရမ်းပြေး၊ ထုတ်လိုက်တဲ့စာတွေက သူတို့အစိုးရ အာဏာပြန်ရလာရင် CDM မလုပ်တဲ့ ဝန်ထမ်းတွေကို ဘယ်လိုအရေးယူမယ်ဆိုတာချည်းပဲ။

တစ်ဆိတ် ... NLD ပြုတ်သွားလို့ ထကြွရင်လည်း သူ့အမာခံလောက်ပဲ ထကြွကြပေါ့။ မဆိုင်တဲ့လူတွေက ဘာလုပ်ပေးရမှာလဲ။ အခုတော့ NLD အာဏာပြန်ရဖို့ သူပုန်ထမပေးရင်ဘဲ သေဒဏ်ကျတော့မယ့် ကလဲ့စားချေရေးမူဝါဒနဲ့။ ဒီလိုလူတွေရှိနေသရွေ့ ကျွန်တော်တို့နိုင်ငံကြီး ဘယ်လိုစည်းလုံးမလဲ။ ဘယ်လိုညီညွတ်ပြီး ဘယ်တော့မှတိုးတက်မှာလဲ။

**ပြီးခဲ့တဲ့ ငါးနှစ်လုံး သူတို့ အာဏာရခဲ့တာပါ**

- ဒေါ်အောင်ဆန်းစုကြည်ကို အကယ်ဒမီရွှေတွေ၊ အမေရိကန်ဒေါ်လာတွေပေးပြီး မြေနေရာတွေ မတန်တဆဈေးနဲ့ ငှားစားဖို့ ပြည်ပလက်ဝေခံ ဒလန်တွေ အစိုးရဖြစ်ဖို့။
- ဘင်္ဂါလီတွေအတွက် ရေမီးအစုံ အိမ်တွေ ဆောက်ပေးပေမယ့် ကျောင်းဆရာမတွေ ဝန်ထမ်းအိမ်ရာမရှိရင် ရွာခံတွေက ရည်းစားစကားလိုက်ပြောကြလို့ အပြောခံရဖို့။
- ငပေါတွေလို We Stand With ဆိုပြီး ဂမ်ဘီယာလို ပေစုတ်စုတ်နိုင်ငံဆီက တရားစွဲတာခံရဖို့။
- အသိဉာဏ်တု နည်းပညာတုတွေ ခေတ်နဲ့ညီတဲ့ ပညာတွေအစား ယဉ်ကျေးမှု စံမကိုက်တဲ့ Sex Education တွေ သင်ရဖို့။
- ဘာသာသာသနာ နှိမ့်ချစော်ကားခံရဖို့။

ကျွန်တော်တို့က NLD အစိုးရကို ပြန်ခေါ်ရမယ်လား၊ နိုင်ငံနိမ့်ကျဖို့ သူပုန်ထပေးရမယ်လား၊ တော်လောက်ပါပြီ။ အခုမှ ကျွန်တော်တို့နိုင်ငံကြီးက လူမှန်နေရာမှန် ပြန်ရောက်လာဖို့ ခံစားရတာပါ။ အခုမှ နိုင်ငံသားတွေ လူလူသူသူ ပြည်တော်ပြန်ခွင့်ရတာ။ အခုမှ ပညာရှင် ပညာတတ်အစစ်တွေ ဒေါင်ဒေါင်မြည် ဦးဆောင်ခွင့်ရတာပါ။ Failed State ဘဝကနေ လက်မတင်လေးလွတ်ခဲ့တာ။

နိုင်ငံရေး၊ နိုင်ငံတကာအရေးတွေကို မိမိနိုင်ငံနဲ့ ယှဉ်ထိုးသုံးသပ်တတ်တဲ့ ကျွန်တော့်လို နိုင်ငံသားတွေကတော့ နိုင်ငံတော်ကြီးတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်ဖို့ပဲ လိုလားပါတယ်။ အမြင်မတူရုံနဲ့ လူသတ်တဲ့လူတွေ မလိုဘူး၊ လက်စားချေရေး မူဝါဒနဲ့ အာဃာတနိုင်ငံရေးတွေ မလိုဘူး၊ ကလေးတွေကို ထိုးကျွေးပြီး အနာဂတ်ကို သင်းသတ်တဲ့ လူယုတ်မာတွေ မလိုဘူး၊ ကိုယ်အာဏာပြန်ရဖို့ တိုင်းပြည်ကို သူပုန်ထခိုင်းတဲ့ အဲဒီလိုနိုင်ငံရေးသမားတွေ လုံးဝ (လုံးဝ) မလိုအပ်ပါဘူး။

ဘာသာသာသနာ ထွန်းတောက်ပြီး နိုင်ငံတော်ကြီး တိုးတက်ခိုင်မာပါစေ •••။ ။

**နိုင်ငံရေး၊ နိုင်ငံတကာအရေးတွေကို မိမိနိုင်ငံနဲ့ ယှဉ်ထိုးသုံးသပ်တတ်တဲ့ ကျွန်တော့်လို နိုင်ငံသားတွေကတော့ နိုင်ငံတော်ကြီးတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်ဖို့ပဲ လိုလားပါတယ်။ အမြင်မတူရုံနဲ့ လူသတ်တဲ့လူတွေ မလိုဘူး၊ လက်စားချေရေး မူဝါဒနဲ့ အာဃာတနိုင်ငံရေးတွေ မလိုဘူး၊ ကလေးတွေကို ထိုးကျွေးပြီး အနာဂတ်ကို သင်းသတ်တဲ့လူယုတ်မာတွေ မလိုဘူး၊ ကိုယ်အာဏာပြန်ရဖို့ တိုင်းပြည်ကို သူပုန်ထခိုင်းတဲ့ အဲဒီလိုနိုင်ငံရေးသမားတွေ လုံးဝ (လုံးဝ) မလိုအပ်ပါဘူး။**

၈-၄-၂၀၂၁ ရက်နေ့ထုတ် Golden Hand ဂျာနယ်တွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် သန့်နေစိုး၏ “သူပုန်များနှင့် နိုင်ငံရေး” ဆောင်းပါးကို Golden Hand ဂျာနယ် အယ်ဒီတာအဖွဲ့နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

(စာတည်း)

**တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။**
**နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**

# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဘားအံခရိုင်မီးသတ်စခန်းနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်မှုလုပ်ငန်းတို့အား ကြည့်ရှုစစ်ဆေး

**ဘားအံ ဧပြီ ၁၃**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးသည် အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ အဖွဲ့ဝင် (၄) ဦးစောခင်မောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၂ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ လှာကမြင် (ကွက်သစ်)ရှိ ဘားအံခရိုင် မီးသတ်စခန်းနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်တို့အား သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



**အမှာစကားပြောကြား**

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့သည် ဘားအံခရိုင်မီးသတ်စခန်းရှိ မီးငြိမ်းသတ်ယာဉ်များ၊ မီးသတ်ရေသယ်ယာဉ်များ၊ အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ လှေကားတင်မီးငြိမ်းသတ်ရေးယာဉ်များ၊ အုပ်ချုပ်ထောက်ပံ့ရေးယာဉ်များ၊ ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘားအံမီးသတ်စခန်းမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ယခုအခါ ပူပြင်းခြောက်သွေ့၍ မီးလောင်လွယ်သည့် ရာသီဥတုကို ရောက်ရှိလာပြီဖြစ်သည့်အတွက် မီးငြိမ်းသတ်ရေးနှင့်ပတ်သက်ပြီး အမြဲတစေအသင့်ရှိနေရန် လိုကြောင်း၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အများပြည်သူ ယုံကြည်အားထားရသည့် တပ်ဖွဲ့ဝင်များဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန် လိုကြောင်း၊ ပြည်သူတို့၏ ဘဝလုံခြုံအေးချမ်းမှုရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးသည်လည်း အရေးကြီးကြောင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်မှသာလျှင် မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်ရာတွင် ထိရောက်မှုရှိပြီး ဆုံးရှုံးမှုနည်းနိုင်မည်ဖြစ်သည့်အတွက် စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်း၍ ရိုးရိုးသားသားကြိုးကြိုးစားစားဖြင့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန်လိုကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဘားအံခရိုင် မီးသတ်စခန်း၌ ဝန်ထမ်းအိမ်ရာနှင့် ဝန်ထမ်းအင်အားလုံလောက်မှု ရှိမရှိအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ ဘားအံခရိုင် မီးသတ်ဦးစီးမှူး ဦးသန့်စင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ကြသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဘားအံမြို့ လှာကမြင် (ကွက်သစ်)၌ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး ပြည်နယ်ရန်ပုံငွေ ကျပ် ၃၃၁ ဒသမ ၃၇၃၅ သန်းဖြင့် (၆၁'-၆" x ၅၁' x ၃၉') ဝန်ထမ်းအိမ်ရာလေးခန်းတွဲ လေးထပ် တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အဆောက်အအုံ တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များ လမ်းညွှန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**❑ ကျောဖုံးမှ**

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ပြည်နယ်ယဉ်ကျေးမှုအဖွဲ့မှ နံ့သာသွေးကြသော သမီးပျိုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ အခမ်းအနားအပြီးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ရရှိလာသော နံ့သာရည်များဖြင့် ရခိုင်ရိုးရာစဉ်လာမပျက် စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးသို့ သွားရောက်ကာ ဗုဒ္ဓဆင်းတုတော်များအား အမွှေးနံ့သာရည်များဖြင့် ဘုရားရေသပ္ပာယ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**❂ မြန်မာ့မီးရထားမှ**

ယနေ့ နံနက်၆ နာရီတွင် ထွက်ခွာခဲ့ပြီး နေပြည်တော်ဘူတာနှင့် လမ်းတစ်လျှောက် ဘူတာများမှ ရထားစီးခရီးသည် ၃၂ ဦး လိုက်ပါစီးနင်းခဲ့ပြီး ခရီးဆုံးဘူတာဖြစ်သည့် မန္တလေးဘူတာသို့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ဆိုက်ရောက်ခဲ့သည်။

ဧပြီ ၁၉ ရက်တွင် နေရပ်ပြန်လာမည့် ရထားစီးခရီးသည်များနှင့် ဝန်ထမ်းများအတွက် အမှတ် (၇) အဆန်လူစီးရထားသည် ရန်ကုန်မြို့မှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ နေပြည်တော်သို့ ည ၈ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

နေပြည်တော်-ရန်ကုန် လမ်းပိုင်း၌ လမ်းခရီးတွင် ပျဉ်းမနား၊ လေဝေးနီ၊ ရေတာရှည်၊ တောင်ငူ၊ ဖြူး၊ ကညွတ်ကွင်း၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ဒိုက်ဦး၊ ပဲခူး ၊ တိုးကြောင်ကလေး စသည့် ဘူတာများ၌လည်းကောင်း၊ နေပြည်တော်-မန္တလေးလမ်းပိုင်းတွင် ဘူတာစဉ်၌လည်းကောင်း အသီးသီးရပ်တန့်ပေးခဲ့သည်။ ခရီးသည်စီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားတွဲဆိုင်းများ ပိုမိုချိတ်ဆက်ခြင်း၊ တစ်ရက်ခြားပြေးဆွဲရာမှ နေ့စဉ်ပြေးဆွဲပေးခြင်းနှင့် ရထားအစင်းရေ တိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရန်ကုန်-မော်လမြိုင်-ရန်ကုန်ခရီးစဉ်ဖြင့် လိုက်ပါစီးနင်းလိုသည့် ခရီးသွားမိဘပြည်သူများ၊ ဝန်ထမ်းများအနေဖြင့် လုံခြုံစိတ်ချစွာ လိုက်ပါစီးနင်းနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# ဒုတိယဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသန်းလှိုင်နှင့်အဖွဲ့ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ကျင်းပသည့် (၆၄) ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင်အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်

**နေပြည်တော် ဧပြီ ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသန်းလှိုင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိကျင်းပသည့် (၆၄) ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင်အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးစီမံချက်များကိုလည်း နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းထုတ်လုပ်မှုအပိုင်းတွင် နှစ်စဉ်လျော့ကျလျက်ရှိကြောင်းကို UNODC နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် နှစ်စဉ်အစီရင်ခံစာဖော်ပြချက်များအရ တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုသည် ပြည်တွင်းငြိမ်းချမ်းမှုများနှင့်လည်း ဆက်စပ်နေသည့်အတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အဓိကကျသည့် ပရီကာဆာဓာတုပစ္စည်းများ ထိန်းချုပ်နိုင်ရေးကို နိုင်ငံတိုင်းက တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ တိုက်တွန်းချက်၊ ဆုံးဖြတ်ချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးကို နိုင်ငံတကာအသိုင်းအဝိုင်းများနှင့် ပူးပေါင်းပြီး ဘက်ပေါင်းစုံမှ အကောင်းဆုံးကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။



**တက်ရောက်လျက်ရှိ**

(၆၄) ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင်အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် Side Event အစီအစဉ်များသို့ ဒုတိယဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း၊ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ အမြဲတမ်းကိုယ်စားလှယ် ဦးမင်းသိန်း ဦးဆောင်သောအဖွဲ့သည် In-person ဖြင့်လည်းကောင်း တက်ရောက်လျက်ရှိသည်။ အစည်းအဝေးကို ဧပြီ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာကိုယ်စားလှယ်အဖွဲ့က ဆက်လက် တက်ရောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သင်္ကြန်ပိတောက်နှင့် ကျန်းမာရေး

## ပေါက်ပေါက်



အတာကူးသည့် တန်ခူးလတွင် ရွှေဝါရောင် ပန်းပိတောက်များနှင့်အတူ နှစ်သစ်ကူးရိုးရာ ရေသဘင်ပွဲကို ဆင်နွှဲလာခဲ့သည်မှာ လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်ကတည်းက ဖြစ်သည်။ သင်္ကြန်သမိုင်းကြောင်းကို လေ့လာကြည့်ရာ၌ မြတ်ဗုဒ္ဓ၏ အနွယ်တော်များဖြစ်ကြသော သကျ သာကီဝင်တို့သည် နွေရာသီရောက်လျှင် ဟိမဝန္တာ တောင်ခြေရှိ လှပသော ဒေဝဒဟရေကန်ကြီး အနီးမှာ မဏ္ဍပ်ကနားများ ဆောက်လုပ်၍ တစ်ဦးနှင့်တစ်ဦး ရေကစားသဘင်ကို ပျော်ရွှင်စွာ ပြုလုပ်ကြသည်။ ထို့ကြောင့် "သင်္ကြန်ရေသဘင်အစ မြတ်ဗုဒ္ဓအနွယ်က"ဟု ဆိုရခြင်း ဖြစ်ပေသည်။

ဗုဒ္ဓဘာသာထွန်းကားသော မြန်မာပြည်မှာ တန်ခူးလသည် မြန်မာတို့၏နှစ်ဦးအစ လထူး လမြတ်ဖြစ်ကာ ဂုဏ်ယူဖွယ်ရာ "ဒြပ်မဲ့ယဉ်ကျေးမှု" တစ်ခုလည်း ဖြစ်ပါသည်။ တစ်နည်းဆိုရသော် နွေရာသီ၏ အပူဒဏ်ကို သင်္ကြန်ရေဖြင့် အေးမြစေသည် (ဝါ) နှစ်ဟောင်းမှအညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောကာ သစ်လွင်တောက်ပ သန့်စင်လာစေသည်ဟု မြန်မာပြည်သူ ပြည်သား အားလုံးက မိရိုးဖလာအရ လက်ခံထားကြပါသည်။ ထို့ကြောင့် သင်္ကြန်ရေထိလျှင် တစ်နှစ်ပတ်လုံး ကျန်းမာစေသည်ဟူသော ယုံကြည်ချက်ဖြင့် အရွယ်သုံးပါးမရွေး သင်္ကြန်ရေစိုခံကြပါသည်။

**ပိတောက်အကြောင်း သိဖို့ကောင်း**

တန်ခူးလသင်္ကြန်ပွဲတော်နှင့်အတူ ချစ်စရာကောင်းသော ပိတောက်ပန်းနှင့်အတူ ကံ့ကော်ပန်း၊ ရင်ခတ်ပန်း၊ စွယ်တော်ပန်း၊ ငုပန်းတို့ အလှချင်းဆိုင်လျက် အပြိုင်ပွင့်ကြသည်။ ရှေးပညာရှိ အကျော်အမော်တို့က မြန်မာတို့၏ ဆယ့်နှစ်လ ရာသီပန်းများတွင် ကံ့ကော်ပန်းကို တန်ခူးလရာသီ ပန်းအဖြစ် သတ်မှတ်ထားသည်ဆိုသော်လည်း သင်္ကြန်နှင့် ပိတောက်၊ ပိတောက်နှင့် သင်္ကြန်မှာ ခွဲမရပေ။ သင်္ကြန်မိုးပြေးရွာသည်နှင့် ပိတောက်ပန်းများ ပင်လုံးကျွတ်ဖူးပွင့်လာကြသည်။ တစ်နှစ်တွင် တစ်လ၊ ၎င်းတစ်လတွင်လည်း မိုးစက်မိုးပေါက်ကျသည့်အချိန်မှသာ ပိတောက်ပွင့်သည့်အတွက် မိုးကိုမျှော်သည်၊ ပိတောက်ကိုမျှော်သည်၊ ထို့အတူ သင်္ကြန်ကို မျှော်ကြရပါသည်။

Gumkino Plant ဟုခေါ်သော ပိတောက်ပင်ကို အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြသည့် မြန်မာ၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းတို့တွင် တွေ့ရှိရသည်။ မြန်မာ ဆယ့်နှစ်လရာသီများတွင် တန်ခူးလဟူသော မြန်မာ နှစ်သစ်ကူးလတွင် ပိတောက်ပန်းများ ဝေဝေဆာဆာ ဖူးပွင့်ကြသည်။ နှစ်စဉ်ဧပြီလ သို့မဟုတ် မဟာသင်္ကြန် အခါတော်လတွင် ဖူးပွင့်ကြသည့်အတွက် ပိတောက်သည် မြန်မာလူမျိုးတို့၏ နှစ်သစ်ကူးအထိမ်းအမှတ်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အမျိုးသားရေး အမှတ်လက္ခဏာတစ်ခုအဖြစ် သတ်မှတ်ခံထားရသော ပန်းလည်းဖြစ်သည်။ မြန်မာလူမျိုးတို့သည် ပိတောက်ပန်းကို ဗုဒ္ဓဘုရားရှင်အား ကပ်လှူခြင်း၊ ပန်ဆင်ခြင်း၊ အလှပန်းအိုးထိုးခြင်းတို့တွင် အသုံးပြုကြသည်။ ပိတောက်ပန်းနှင့် ပတ်သက်သော ပန်းချီ ကဗျာ၊ သီချင်း၊ ဆောင်းပါး၊ ဝတ္ထုဇာတ်လမ်း၊ ရုပ်ရှင်စသည်ဖြင့် အများအပြားရှိကြသည်။

အိမ်နီးချင်း ထိုင်းနိုင်ငံတွင်လည်း ဧပြီလ၌ "Songkran" သင်္ကြန်ရေကစားကြသလို ပိတောက်ပန်းများဖြင့် အလှဆင်ကြသည်။ ဗီယက်နမ်လူမျိုးများကလည်း ပိတောက်ပန်းကို အထူးနှစ်သက်ကြပြီး ၎င်းတို့ဘာသာစကားအရ ပိတောက်ကို giáng သို့မဟုတ် dáng – hụọng ဟု ခေါ်ကြသည်။ မည်သို့ပင်ဆိုစေကာမူ ပိတောက်ပွင့်သော အရှေ့တောင်အာရှနိုင်ငံများအနက် ပိတောက်ပန်းသည် မြန်မာတို့အတွက် National Flower ဟု တစ်ကမ္ဘာလုံးက အသိအမှတ်ပြုခေါ်ဆိုကြခြင်းမှာ စိုးစဉ်းမျှ ယုံမှားသံသယဖြစ်ဖွယ်မရှိပေ။

**ဘက်စုံသုံးနိုင်သော ပိတောက်ပင်**

ပိတောက်ပင်သည် ယေဘုယျအားဖြင့် အလယ်အလတ်အမျိုးအစား အပင်မျိုးဖြစ်သည်။ ၁၀ – ၃၀ မီတာအထိ ရှည်လျားတတ်ပြီး အချင်း ၁ ဒသမ ၇ မီတာခန့် ရှိသည်။ ခြောက်သွေ့ရာသီတွင် ပေါက်ရောက်သော အမျိုးအစားဖြစ်သည်။ အပင်အပြင်ခွံသည် အညိုရောင်ဖြစ်ပြီး ပွရောင်းသည်။ အတွင်းသားသည် အရောင်အမျိုးမျိုးရှိကာ ရွှေဝါရောင်ဖျော့ဖျော့မှ နီညိုရောင်အထိ ရှိတတ်သည်။ များသောအားဖြင့် ရွှေဝါညိုရောင်ကို တွေ့ရသည်။ ပိတောက်သားသည် သစ်မာအမျိုးအစားဖြစ်၍ ခိုင်ခံ့ခြင်း၊ ခြမစားခြင်းတို့ကြောင့် ပရိဘောဂပစ္စည်း လုပ်ရာတွင် အလွန်အရေးပါလှသည်။ အိမ်တိုင်များ၊ အိမ်ပျဉ်၊ ဗီရို၊ လမ်းမီးတိုင်များ၊ လှည်းဘီးနှင့် လှည်းလက်ရန်းတိုင်များ၊ အခြားပရိဘောဂအမျိုးမျိုးနှင့် တူရိယာပစ္စည်းတို့တွင် အသုံးပြုကြသည်။ ထို့ကြောင့် ပိတောက်သားသည် အလွန်တန်ဖိုးကြီးလှသည်။ ပိတောက်ပွင့်များသည် ၂၀ –၂၅ စင်တီမီတာရှည်လျား၍ အဝါရောင်ရှိသည်။ အရွက်ရှိ ဆစ်တံများသည် ၅ – ၉ စင်တီမီတာ ရှည်လျားကြသည်။ ပိတောက်သီးသည် အစေ့ဆန် နှစ်ခု သို့မဟုတ် သုံးခုခန့် ပါရှိတတ်ပြီး အတောင့်သဏ္ဍာန်ရှိသည်။ ၎င်းကို ၄.၅ – ၇ စင်တီမီတာခန့်ရှိ အတောင်ပံကဲ့သို့သော အမွေးပါးလေးများဖြင့် ဝန်းရံထားသည်။ ၎င်းအသီး၊ အစေ့များသည် လေတိုက်ရာအရပ်သို့ လွင့်မျောကြရာမှတစ်ဆင့် ပိတောက်ပင်အသစ်တို့ ပေါက်ပွားကြသည်။

**ပိတောက်ပင်နှင့် ကျန်းမာရေး**

"ပိတောက်ပန်း" ဟု မြင်လိုက်ရသည်နှင့် သင်္ကြန်ရေသကို ခံစားရသည့်အတွက် တဒင်္ဂအတွင်းမှာပင် စိတ်ကြည်လင်မှုကို ဖြစ်ပေါ်စေပါသည်။ လတ်ဆတ်သော ပိတောက်ပွင့်၏ မွှေးမြမြရနံ့က အာရုံခံအင်္ဂါအဖွဲ့အစည်းကို သဘာဝအလျောက် နှိုးဆွပေးသဖြင့် လန်းဆန်းမှုကို ဖြစ်ပေါ်စေသည်။ ပိတောက်ပန်း နွမ်းသွားချိန် စိမ်းရွှေရွှေအနံ့က အသက်ရှူလမ်းကြောင်းကျန်းမာရေးကို အထောက်အပံ့ဖြစ်စေသည်။ ဦးရေပြား ဖောက်ထခြင်း၊ ကိုယ်ရေပြား ယားယံခြင်းတို့အတွက် ပိတောက်ရွက်ပြုတ်ရည်ဖြင့် ခေါင်းလျှော်၊ ရေချိုးပေးခြင်းဖြင့် ရောဂါများ သက်သာပျောက်ကင်းစေသည်။ အပင်က ထွက်သောအစေးကို ပါးစပ်အတွင်းဖြစ်သော ရောဂါများ ပျောက်ကင်းစေရန်အတွက် ရှေးလူကြီးများက အသုံးပြုကြသည်။ အမြစ်သည် တိုင်းရင်းဆေးဖက်ဝင်သည်။ ပိတောက်ပန်းက သလိပ်အားကြီးသော အနာ၊ ဝမ်းသွားသော အနာ၊ လေတိုက်၍ နှလုံးဆို့တောင့်သောအနာ၊ ခပ်သိမ်းသော အဖျားအနာများကို နိုင်၏ဟု မြန်မာ့ဆေးကျမ်းတွင် ဆိုထားသည်။

အချုပ်အားဖြင့်ဆိုသော် ပိတောက်ပန်းသည် နှစ်သစ်၏ ဂုဏ်ကို ဆောင်သည်။ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့၏ ကျက်သရေကိုဆောင်သည့် "ပြယုဂ်" တစ်ခုဖြစ်ပါသည်။ ဘိုးဘွားများခေတ်က အိမ်ရှေ့ သို့မဟုတ် အိမ်ပတ်လည်တွင် ပိတောက်ပင် စိုက်ပျိုးထားကြသော်လည်း ခေတ်ကာလ ရွေ့လျားလာသည့်အလျောက် လျှပ်စစ်ဓာတ်တိုင်၊ မီးကြိုးများ မလွတ်ခြင်း၊ လမ်းချဲ့ခြင်း စသည်တို့ကြောင့်လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးတို့ကြောင့်လည်းကောင်း ပိတောက်ပင်များရှားပါးနေပြီ ဖြစ်ပါသည်။

ထို့ကြောင့် ပိတောက်ပင် မျိုးမသုဉ်းစေရေးအတွက် National Symbol/ National Flower ဖြစ်သော ပိတောက်ပင်များကို ရေရှည်တည်တံ့နိုင်စေရန်အလို့ငှာ ကျယ်ဝန်းသော ပန်းခြံ၊ မြို့ရွာလမ်းဘေးတစ်လျှောက်ဘုန်းကြီးကျောင်း၊ ဘုရားစေတီတစ်ဝိုက်၊ စာသင်ကျောင်း စသည့်နေရာများတွင် အရိပ်ရပိတောက်ပင်များကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြစေလိုပါကြောင်း ပိတောက်ချစ်သူ၊ သင်္ကြန်ချစ်သူတစ်ဦးအနေဖြင့် ရေးသားနှိုးဆော်လိုက်ရပါသည်။ ။

**☆ လတ်ဆတ်သော ပိတောက်ပွင့်၏ မွှေးမြမြရနံ့က အာရုံခံအင်္ဂါအဖွဲ့အစည်းကို သဘာဝအလျောက် နှိုးဆွပေးသဖြင့် လန်းဆန်းမှုကို ဖြစ်ပေါ်စေသည်။ ပိတောက်ပန်း နွမ်းသွားချိန် စိမ်းရွှေရွှေအနံ့က အသက်ရှူလမ်းကြောင်း ကျန်းမာရေးကို အထောက်အပံ့ဖြစ်စေ။**

**☆ ဦးရေပြား ဖောက်ထခြင်း၊ ကိုယ်ရေပြား ယားယံခြင်းတို့အတွက် ပိတောက်ရွက်ပြုတ်ရည်ဖြင့် ခေါင်းလျှော်၊ ရေချိုးပေးခြင်းဖြင့် ရောဂါများ သက်သာပျောက်ကင်းစေသည်။ အပင်က ထွက်သောအစေးကို ပါးစပ်အတွင်းဖြစ်သော ရောဂါများပျောက်ကင်းစေရန်အတွက် ရှေးလူကြီးများက အသုံးပြုကြ။**

### ညီညွတ်စွာ ဒို့ဆင်နွှဲ ဒီနှစ်သင်္ကြန်ပွဲ

☆ လတန်ခူး ရောက်ပြန်မို့
ပိတောက်ဖူးတွေ ဝင့်ဝင့်ထည်။
ရနံ့မွှေးပါဘိ ပျံ့သေးတယ် ရာသီထူး
ရှုးလောက်ပေတယ်။

☆ နွေအစမှာမို့ ဝေကြလို့ လှိုင်လှိုင်ကြွယ်
လှတယ်လို့ ဆိုစကား၊
ခြွေခူးကာပန်တော်ဆင်ဖို့
မေ့ဆံပင်ကေသာထုံးမှာ
ကုံးသီလို့ထား။

☆ နှစ်သစ်မှာတူပျော်ရွှင်ဖို့
ရေသဘင်ခါတော်ထူးပါတဲ့
ကြည်နူးဖွယ်သည်ခါသမယမှာ
နွမ်းလျလျရှိလှတယ်
တမ်းတရယ်မဆုံး၊

☆ အို ကြေ့ဆုံးကိုဖြင့်
ရှောင်မပုံးခင် မေတ္တာရေနဲ့
လှစ်ကာခြွေပက်ကာဖျန်း လန်းရွှင်လို့ပြုံး။

☆ သင်္ကြန်ရေအေးမြသလိုပ
ဘေးမခရန်မသီ၊ ဒို့တိုင်းပြည်သာယာရေး
တွေးဆရော့ရည်၊
ကြိုးပမ်းမည်ကွဲ့ လူငယ်များ။

☆ စည်းလုံးကာညီညီညာနဲ့
သည်ချိန်ခါ သင်္ကြန်ပွဲကို
ပျော်ရွှင်စွာ ဒို့ဆင်နွှဲရအောင်
တွဲယှက်လို့ထား။

ဘိုမျိုး(ရွှေဘို)

# နိုင်ငံတစ်ဝန်း မဟာသင်္ကြန်အကြိုနေ့လှုပ်ရှားမှု ပုံရိပ်များ



မြောက်ဦးမြို့တွင် ရှေးဟောင်းဘုရားစေတီပုထိုးများသို့ လာရောက်ဖူးမြော်သူများကို တွေ့ရစဉ်။
ဓာတ်ပုံ-ခင်မောင်ထွန်း(ပြန်/ဆက်)



သံဖြူဇရပ်မြို့တွင် သက်ကြီးပူဇော်ပွဲ ကျင်းပစဉ်။
ဓာတ်ပုံ-အေးအေးသီ(သံဖြူဇရပ်)



မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးအတာသင်္ကြန် ဖွင့်ပွဲ အခမ်းအနားတွင် ရေကစားကြသူများကို တွေ့ရစဉ်။
ဓာတ်ပုံ-သန်းနိုင်ဦး



ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။
ဓာတ်ပုံ-တင်စိုး(ပဲခူး)



မြန်မာ့ရိုးရာအတာသင်္ကြန် နှစ်သစ်ကူးရုံးပိတ်ရက်တွင် ငွေဆောင်ကမ်းခြေသို့ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ငွေဆောင်(ပြန်/ဆက်)



သင်္ကြန်အကြိုနေ့တွင် နေပြည်တော်ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းအိမ်ရာအတွင်း ကလေးငယ်များ ပျော်ရွှင်စွာ ရေကစားကြစဉ်။
ဓာတ်ပုံ-ကြေးမုံ

# အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်နိုင်ဖို့ အချိန်မီ အိမ်ပြန်လာကြစေချင်တယ်

ထွန်းထွန်း(ခရေရိပ်)

နွေနေက ပူလွန်းလှတယ်။ ပြီးခဲ့တဲ့ အပတ်ကတော့ ကပ္ပလီပင်လယ်ပြင်မှာ မုန်တိုင်းရှိတာမို့ မိုးတွေရွာတယ်။ နွေဆိုမှတော့ ပူမှာပေါ့၊ ပြဿနာမရှိပါဘူး။ ထီးဆောင်းပြီးတော့ သွားလာ၊ အရိပ်ထဲမှာ နေ။ မုန်တိုင်းမိုးကြောင့် အပြင်မထွက်ဘဲ နေလိုက်တယ်။ အဆင်ပြေပါတယ်။ ကိုယ်က အရိပ်အကာအောက်မှာ လုံခြုံပေမယ့် တစ်ဆက်တည်း သတိရမိတာကတော့ EAO များတည်ရှိရာ နေရာတွေနဲ့ ပြည်ပနိုင်ငံတွေကို ထွက်ပြေးတိမ်းရှောင်နေတဲ့ အချို့သောကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်တွေနဲ့ နိုင်ငံ့ဝန်ထမ်းအချို့၊ ပြည်သူအချို့ကိုပါ။ အခုလို မိုးရွာရင် ဘယ်လိုနေမယ်မသိ၊ လုံလုံခြုံခြုံမှ ရှိပါ့မလား။

### ယူကျုံးမရ ရင်နင့်ရမယ့်

မှန်မမှန်မသိပေမယ့်၊ မမှန်ပါစေနဲ့လို့လည်း ဆုတောင်းမိပါတယ်။ အွန်လိုင်းမှာ တက်လာတဲ့ ပုံတွေအရတော့ နေရာကျဉ်းကျဉ်းလေးမှာ သူတို့တွေ ကျပ်ကျပ်တည်းတည်း နေနေရတဲ့ပုံတွေ တွေ့ရပါတယ်။ လူငယ်လူရွယ်တွေ များပါတယ်။ တချို့အမျိုးကောင်း သမီးလေးတွေ လိင်အကြမ်းဖက်ခံရတယ်လို့လည်း ရေးထားတာ ဖတ်ရပါတယ်။ လူမှုကွန်ရက်က သတင်းတွေဟာ အများအားဖြင့် မမှန်တတ်တာများလို့ မမှန်ပါစေနဲ့၊ အဖြစ်မှန် မဟုတ်ပါစေနဲ့လို့ဆန္ဒပြုမိပါတယ်။ ဘဝအတွက် ဘာအာမခံချက်မှ မပေးနိုင်တဲ့၊ တရားဥပဒေစိုးမိုးမှုမရှိတဲ့ နေရာဒေသမှာ ဒီလိုဖြစ်ရပ်တွေက တကယ်တော့ မဆန်းလှပေမယ့် ငယ်ရွယ်သူတွေ ဘဝတစ်သက်တာ ပန်းကောင်းအညွန့်ကျိုးဖြစ်မယ့်၊ မိဘတွေ တစ်သက်တာ ယူကျုံးမရ ရင်နင့်ရမယ့် အရေးကြောင့် မဖြစ်စေချင်တာ စေတနာအမှန်ပါ။

ဖောက်ခွဲရေးသင်တန်းတက်မယ်ဆိုတဲ့ စိတ်ကူးနဲ့ ဆက်သွယ်ထွက်ခွာဖို့ ကြံရွယ်သူတွေ အသွားမှာ၊ ပြန်ဝင်အလာမှာ ဖမ်းမိတာတွေကိုတော့ နိုင်ငံပိုင်သတင်းမီဒီယာတွေမှာ ကြားရမြင်ရပါတယ်။ ရန်သူရဲ့ရန်သူဟာ မိတ်ဆွေဆိုတဲ့ သီအိုရီကို နားလည်ပေမယ့် ဒီလောက် အတွေးအခေါ် ခေါင်းပါးပြီး စဉ်းစားဆင်ခြင်ဉာဏ်ခေါင်းပါးတဲ့အတွက် မြန်မာနိုင်ငံရှေ့ရေးအတွက် ရင်လေးမိတာ အမှန်ပါ။

ဒီလိုတွေကိုမြင်တော့ သားသမီးရှိတဲ့ မိဘတစ်ဦးမို့ ကိုယ်ချင်းစာမိပါတယ်။ မိဘတွေ ဘယ်လောက်များ စိတ်ပူပန်နေရှာမလဲ။ စိုးရိမ်သောကတွေ ဖိစီးနှိပ်စက်နေမယ်ဆိုတာ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်။

တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရတဲ့ ဖေဖော်ဝါရီလနောက်ပိုင်းမှ စတင်ကာ မိဘရင်ခွင်မှာရှိနေရမယ့် အရွယ်၊ ကျောင်းသား ကျောင်းသူတွေ၊ လူငယ်တွေကို လူပုဂ္ဂိုလ်စွဲနဲ့ သွေးဆူအောင်၊ လမ်းပေါ်ထွက်လာအောင်၊ ဆူပူအုံကြွမှုမှာ ပါဝင်လာအောင် ပြည်တွင်းက ဖျက်လိုဖျက်ဆီးလုပ်လိုသူတွေ၊ ပြည်ပက ကြိုးကိုင်လှုပ်ရှားသူတွေက ဆွဲဆောင် စည်းရုံးကြပါတယ်။ လမ်းမများပေါ်ကို တွန်းတင်လိုက်ကြပါတယ်။

ငယ်ရွယ်တဲ့၊ ဖြူစင်နုနယ်တဲ့၊ ဘာအရောင်မှ အစွန်းအထင်းမရှိသေးတဲ့ ကျောင်းသား ကျောင်းသူလေးတွေဟာ မသမာသူတို့ရဲ့ အရောင်ဆိုးမှုမှာ ညစ်ထေးပြီး စိတ်ကြမ်းတွေ ဝင်လာပါတယ်။ ဆူပူအုံကြွမှုတွေမှာ ပါဝင်လာကြပါတယ်။ အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကင်းမဲ့စေတဲ့ အကြမ်းဖက်မှုလုပ်ဆောင်ချက်တွေအထိ လုပ်ဆောင်လာစေဖို့ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်ကြပါတယ်။ သားသမီးတွေက အတွေ့အကြုံမရှိလို့ မိုက်မှားတာကို နားလည်လို့ရပေမယ့် မိဘတွေကိုယ်တိုင်က မိုက်တွင်းနက်ပြီး သားသမီးငယ်တွေကို အားပေးအားမြှောက်ပြုနေတာ မြင်ရလို့ ဒီလိုမိဘတွေကြောင့် ဒီလိုသားသမီးတွေ ဖြစ်တည်လာတာပဲလို့ ကောက်ချက်ချမိတာလည်း အမှန်ပါ။

**ငယ်ရွယ်တဲ့၊ ဖြူစင်နုနယ်တဲ့၊ ဘာအရောင်မှအစွန်းအထင်းမရှိသေးတဲ့ ကျောင်းသား ကျောင်းသူလေးတွေဟာ မသမာသူတို့ရဲ့ အရောင်ဆိုးမှုမှာ ညစ်ထေးပြီး စိတ်ကြမ်းတွေ ဝင်လာပါတယ်။ ဆူပူအုံကြွမှုတွေမှာ ပါဝင်လာကြပါတယ်။ အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကင်းမဲ့စေတဲ့ အကြမ်းဖက်မှုလုပ်ဆောင်ချက်တွေအထိ လုပ်ဆောင်လာစေဖို့ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်ကြပါတယ်။ သားသမီးတွေက အတွေ့အကြုံမရှိလို့ မိုက်မှားတာကို နားလည်လို့ရပေမယ့် မိဘတွေကိုယ်တိုင်က မိုက်တွင်းနက်ပြီး သားသမီးငယ်တွေကို အားပေးအားမြှောက်ပြုနေတာမြင်ရလို့ ဒီလိုမိဘတွေကြောင့် ဒီလိုသားသမီးတွေ ဖြစ်တည်လာတာပဲလို့ ကောက်ချက်ချမိတာလည်း အမှန်ပါ။**

### ထိလွယ်ရှလွယ်

အဖြူရောင်ပေါ်မှာ ဘယ်လောက်ပဲသေးငယ်တဲ့ အစွန်းအထင်းဖြစ်ပါစေ၊ သိသာပါတယ်။ ထင်လွယ် မြင်လွယ်ရှိပါတယ်။ ဒီလိုပါပဲ၊ ဘယ်လိုအမှားအယွင်းကိုမှ မလုပ်ဆောင်ဖူးတဲ့၊ ဖြူစင်တဲ့ လူငယ်လေးတွေ အတွက်တော့ ထိလွယ်ရှလွယ်ပါတယ်။ ဆူပူအုံကြွမှုမှာ ပါဝင်မိတဲ့အတွက် အပြစ်ပေးအရေးယူခံရမှာကို ကြောက်ရွံ့ထိတ်လန့်ပြီး အခုလို ထွက်ပြေးတိမ်းရှောင်ကြတာလို့ ထင်ပါတယ်။

သွေးဆူပေါက်ကွဲလွယ်တဲ့ အရွယ်ဖြစ်တဲ့အတွက် လတ်တလော စိတ်ခံစားချက်ကို အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်းအဆိုးကို လူငယ်တွေ ဝေဖန်ပိုင်းခြားနိုင်မှာ မဟုတ်သေးပါဘူး။ ဝါဒမှိုင်းတိုက်မှုတွေကြောင့် ထင်ရာစိုင်းနေကြဦးမှာဖြစ်ပါတယ်။ အချိန်တစ်ခု ရောက်လာတဲ့အခါ၊ ခေါင်းအေးသွားတဲ့အခါ မှန်ကန်တဲ့အဖြေတစ်ခု ထုတ်နိုင်လာပါလိမ့်မယ်။

ဒီမိုကရေစီဟု ကြွေးကြော်ကာ ဆန္ဒပြဆူပူအုံကြွခဲ့ကြပေမယ့်လည်း လူငယ်တို့ရဲ့ လုပ်ရပ်တွေဟာ ထုတ်ပြန်ချက်၊ ပြောကြားချက်တွေအပေါ်မှာလည်း ထပ်မံစိုးရိမ်နေကြပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေ ခက်ခဲမှုတွေနဲ့ ရင်ဆိုင်နေရတဲ့အတွက် မိမိတို့နေရပ်ဒေသအသီးသီးကို ပြန်လာလိုတဲ့ ဆန္ဒတွေ ဖြစ်ပေါ်နေတယ်လို့လည်း သိရပါတယ်။

### ပြန်လည်ဝင်ရောက်နိုင်ရေး

မိမိနေရပ်ဒေသအသီးသီးကို စွန့်ခွာတိမ်းရှောင်နေကြသူတွေကလည်း မိမိတို့နိုင်ငံသားတွေသာ ဖြစ်တဲ့အတွက် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့နေရာဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့ရဲ့ ကိုယ်ပိုင်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ကြောင်း သတင်းထုတ်ပြန်ထားတာကိုလည်း တွေ့ရပါတယ်။

**၁၉၈၈ ခုနှစ်နောက်ပိုင်းမှာလည်း ဒီမိုကရေစီတော်လှန်ရေးဆိုပြီး လူငယ်တွေ တောခိုကြ၊ ပြည်ပနိုင်ငံတွေကို ထွက်ပြေးကြပါတယ်။ သွားခါစတော့ မျှော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်၊ ယုံကြည်ချက်တွေနဲ့ ပျော်ပျော်ပါးပါး၊ ပြီးတော့သာ ဘဝတွေပျက်၊ အသက်တွေ ဆုံးရှုံးခဲ့ကြရတဲ့ သာဓကတွေလည်းရှိပါတယ်။ အမှားဆိုတာ ဘယ်သူမှ မကင်းနိုင်ပါဘူး။ မှားတာကိုသိရင် အချိန်မီပြုပြင်၊ မှားရင်ဝန်ခံ၊ အမှန်ကို ပြုပြင်လို့ရပါတယ်။ ပြုပြင်ဖို့ရာ ခေါင်းမမာစေချင်ပါဘူး။ လူငယ်တွေအနေနဲ့ ယဉ်ကျေးသူတွေရဲ့ တိုက်တွန်းချက်ကို နာယူကြပါ။ မေတ္တာကိုခံယူကြပါ။ အမှန်မြင်ပါစေ။**

အမှန်တကယ်ပဲ ဒီမိုကရေစီလမ်းကြောင်းနဲ့ညီညွတ်ရဲ့လား၊ အမှန်တကယ်နိုင်ငံရေးနဲ့ပတ်သက်ပြီး ခံယူချက်ပြင်းထန်လို့ ဒီနေရာကို ရောက်လာတာလားဆိုတာ လူငယ်တို့အသိဆုံးဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ရှေ့ဆက်တိုးမလား၊ မိဘတို့ရဲ့ မေတ္တာအရိပ်၊ အချုပ်အခြာအာဏာပိုင် ကိုယ့်နိုင်ငံအရိပ်အောက်ကို ပြန်ဝင်မလားဆိုတာ ဆင်ခြင်စဉ်းစားရမှာ ဖြစ်ပါတယ်။

### သွေးထိုးလှုံ့ဆော်မှု

ယခုအချိန်မှာ အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးကို ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားတွေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြန်လည်ဖိတ်ခေါ်နေပါတယ်။ NLD ပါတီဝင်တွေ၊ NLD ပါတီကိုထောက်ခံသူ အစွန်းရောက်တွေ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားတဲ့ ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေရဲ့ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတွေကြောင့် အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းတွေနဲ့ မြန်မာနိုင်ငံသားများဟာ စိုးရိမ်စိတ်တွေဖြစ်ပေါ်ပြီး အခုလို တိမ်းရှောင်နေတာဖြစ်ပါတယ်။

**ယခုအချိန်မှာ အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးကို ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားတွေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြန်လည်ဖိတ်ခေါ်နေပါတယ်။ NLD ပါတီဝင်တွေ၊ NLD ပါတီကို ထောက်ခံသူအစွန်းရောက်တွေ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားတဲ့ ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေရဲ့ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတွေကြောင့် အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းတွေနဲ့ မြန်မာနိုင်ငံသားများဟာ စိုးရိမ်စိတ်တွေဖြစ်ပေါ်ပြီး အခုလိုတိမ်းရှောင်နေတာ ဖြစ်ပါတယ်။**

CRPH အမည်ခံ မတရားအသင်းနဲ့ ဆက်စပ်နေတဲ့ပုဂ္ဂိုလ်အချို့ရဲ့ ထုတ်ပြန်ခဲ့တဲ့ အာဏာရှင်ဆန်တဲ့ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာလည်း ဒီမိုကရေစီတော်လှန်ရေးဆိုပြီး လူငယ်တွေ တောခိုကြ၊ ပြည်ပနိုင်ငံတွေကို ထွက်ပြေးကြပါတယ်။ သွားခါစတော့ မျှော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်၊ ယုံကြည်ချက်တွေနဲ့ ပျော်ပျော်ပါးပါး၊ ပြီးတော့သာ ဘဝတွေပျက်၊ အသက်တွေ ဆုံးရှုံးခဲ့ကြရတဲ့ သာဓကတွေလည်း ရှိပါတယ်။ အမှားဆိုတာ ဘယ်သူမှမကင်းနိုင်ပါဘူး။ မှားတာကိုသိရင် အချိန်မီပြုပြင်၊ မှားရင်ဝန်ခံ၊ အမှန်ကိုပြုပြင်လို့ရပါတယ်။ ပြုပြင်ဖို့ရာ ခေါင်းမမာစေချင်ပါဘူး။ လူငယ်တွေအနေနဲ့ ယဉ်ကျေးသူတွေရဲ့ တိုက်တွန်းချက်ကို နာယူကြပါ။ မေတ္တာကို ခံယူကြပါ။ အမှန်မြင်ပါစေ။

အချိန်လွန်မှ မိမိတို့လျှောက်ခဲ့တဲ့ လမ်းအတွက် နောင်တတစ်ဖန် ပူပန်ရမှာကို မဖြစ်စေချင်ပါဘူး။ ဒါကြောင့် မောင်မောင်ခေါ်တုန်း ဗျာ ထူးစေချင်ပါတယ်။ လူငယ်တို့ ဘေးရန်အန္တရာယ်မကျရောက်ဘဲ အိမ်ပြန်လာမယ့်အချိန်ကို မိဘ၊ ဆွေမျိုး၊ ညီအစ်ကို၊ မောင်နှမတွေကလည်း မျှော်နေကြပါတယ်။

လူငယ်တွေအနေနဲ့ မြေစာပင်အဖြစ်က ရုန်းထွက်ခဲ့ပါ။ မြန်မာ့အနာဂတ်ကို ကောင်းမွန်စွာဖန်တီးနိုင်ဖို့ လူငယ်တွေရဲ့အားတွေ လိုအပ်ပါတယ်။ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးမှာ အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်နိုင်ဖို့၊ အချိန်မီ အိမ်ပြန်ကြဖို့ တိုက်တွန်းလိုပါတယ်။ ။

# ဘရာဇီးနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၄၈၀ ရှိ



**ဆော်ပေါ်လို ဧပြီ ၁၃**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၄၈၀ ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၅၄၆၁၇ ဦးအထိ ရှိလာခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၇၈၅ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၃၅၁၇၈၀၈ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

ဆော်ပေါ်လိုပြည်နယ်သည် ဘရာဇီးနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံး ပြည်နယ်ဖြစ်ပြီး လက်ရှိတွင် ဆော်ပေါ်လိုပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၆၄၈၈၄၄ ဦးရှိခဲ့ကာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၈၃၀၉၈ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

**ဝန်နှင့်အား မမျှတမှုများရှိခဲ့**

ဘရာဇီးနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလနောက်ပိုင်းမှစတင်ကာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ သိသိသာသာမြင့်တက်မှုရှိခဲ့ခြင်းကြောင့် ဘရာဇီးနိုင်ငံ၏ ပြည်နယ်အများစုမှ ကျန်းမာရေးအဖွဲ့အစည်းများမှာ ကိုဗစ်-၁၉ ရောဂါကာကွယ် ရေးဆောင်ရွက်မှုများတွင် ဝန်နှင့်အား မမျှတမှုများရှိခဲ့ကြောင်း သတင်းထုတ်ပြန်မှုများရှိခဲ့သည်။

ဘရာဇီးနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလလယ်ပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၂၃၂၈၆၂၄၉ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ ၇၀၅၂၄၀၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၃ ဒသမ ၆၈ သန်းကျော်ရှိလာ

**နယူးဒေလီ ဧပြီ ၁၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၁၇၃၆ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၃၆၈၉၄၅၃ ဦးအထိရှိလာခဲ့ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၁၃ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

**သေဆုံးသူစုစုပေါင်း ၁၇၁၀၅၈ ဦး**

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၇၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၇၁၀၅၈ ဦး အထိရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၁၂၂၅၃၆၉၇ ဦးအထိရှိလာခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ ၁၂၆၄၆၉၈ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။



အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုလျော့ကျစေရေးအတွက် ဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ပြီး လက်ရှိတွင် အိန္ဒိယပြည်သူ ၁၀၈ သန်းကျော် ၁၀၈၅၃၃၀၈၅ ဦးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် လက်ရှိတွင် နိုင်ငံအတွင်းရှိ လူဦးရေ ၂၅၉ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ မြို့တော်နယူးဒေလီသည် အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၄၉၁ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၂ ဦးရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၁၃၅၅ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

**ကာကွယ်ဆေးနှစ်မျိုး**

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ကာကွယ်ဆေးနှစ်မျိုး အသုံးပြုကာ ဆောင်ရွက်ခဲ့ပြီး အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်မျိုးမှာ Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Covaxin ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ဆီရမ်အင်စတီကျုမှ ထုတ်လုပ်သည့် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်းရှိပြည်နယ်အားလုံးသို့ ထောက်ပံ့ပေးခဲ့ပြီး Bharat Biotech International Limited မှ ထုတ်လုပ်သည့် Covaxin ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုမူ ပြည်နယ် ၁၂ ခုသို့သာ ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း ဆီရိုဂျာကြောင့် သေဆုံးသူအရေအတွက် ၁၇၈ ဦးရှိလာ

**ဂျကာတာ ဧပြီ ၁၃**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းနူဆာ တန်ဂါရာပြည်နယ်အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ဆီရိုဂျာကြောင့် သေဆုံးသူအရေအတွက်မှာ ၁၇၈ ဦးရှိလာခဲ့ပြီး ၄၇ ဦးမှာပျောက်ဆုံးနေဆဲဖြစ်ကြောင်း အဆိုပါပြည်နယ်၏ ဒုတိယအုပ်ချုပ်ရေးမှူး ဂျိုးဆက် နေဆွန်ထံမှ သိရသည်။

**ခိုလှုံနေရ**

မုန်တိုင်းဘေးမှ ပြန်လည်ကယ်ဆယ်နိုင်ခဲ့သူ အရေအတွက်မှာ လျော့နည်းလာကြောင်း ၎င်းက ပြောကြားသည်။ လူပေါင်း ၇၈၉၅ ဦးမှာ ယာယီကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေရကြောင်း သိရသည်။

**ထိခိုက်ဒဏ်ရာရရှိခဲ့**

ဆိုင်ကလုန်းဆီရိုဂျာကြောင့် ဖြစ်လာသည့် ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် လူ ၂၅၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပွားရာဒေသတွင် နေအိမ်များ၊ တံတားများနှင့် လမ်းများပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



ကယ်ဆယ်ရေးအဖွဲ့များက ပျောက်ဆုံးနေသူများအား ရှာဖွေနေစဉ်။

# ဥရောပတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူပေါင်း တစ်သန်းကျော် ရှိလာ

**ပါရီ မေ ၁၃**

ဥရောပတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူပေါင်း တစ်သန်းကျော် ရှိလာကြောင်း ဥရောပ ကျန်းမာရေးအာဏာပိုင်များ၏ တရားဝင် ကိန်းဂဏန်းများအရ သိရသည်။

အာဇာဘိုင်ဂျန်နှင့် ရုရှားနိုင်ငံတို့ အပါအဝင် နိုင်ငံနှင့် ဒေသပေါင်း ၅၂ ခုပါဝင်သည့် ဥရောပတိုက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၀၀၂၈၈ ဦး ရှိလာကြောင်း သိရသည်။




ဥရောပတိုက်ရှိကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့်မှာ ဗြိတိန်၊ အီတလီ၊ ရုရှား၊ ပြင်သစ်၊ ဂျာမနီနှင့် စပိန်နိုင်ငံတို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗြိတိန်တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၁၂၇၁၀၀၊ အီတလီတွင် ၁၁၄၆၁၂ ဦး၊ ရုရှားတွင် ၁၀၃၂၆၃ ဦး၊ ပြင်သစ်တွင် ၉၉၁၆၃ ဦး၊ ဂျာမနီတွင် ၇၈၄၅၂ ဦးနှင့် စပိန်တွင် ၇၆၅၂၅ ဦး စသည်ဖြင့် ကိုဗစ်-၁၉ ရောဂါဖြင့် အသီးသီးသေဆုံးခဲ့သည်။

သို့သော် ဗြိတိန်အစိုးရသည် လက်ရှိအချိန်အထိ ပြည်သူ ၆၀ ရာခိုင်နှုန်းနီးပါးအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ခြင်းနှင့်အတူ ယခုအခါ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း ကျဆင်းလာသည်ကို တွေ့ရသည်။ ဗြိတိန်သည် ဥရောပတိုက်တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအများဆုံးထိုးနှံပေးနိုင်ခဲ့သည့်နိုင်ငံဖြစ်လာသည်။

ဥရောပရှိပြင်သစ်၊ အီတလီနှင့် ရုရှားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု တတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသည့်အတွက် ၎င်းတို့၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုလုပ်ငန်း နှောင့်နှေးခဲ့ကြောင်း သိရသည်။

ဥရောပတိုက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုကိန်းဂဏန်းကို နိုင်ငံတစ်ခုချင်းစီမှ ကျန်းမာရေးအာဏာပိုင်များက ပေးပို့သည့် ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှု အချက်အလက်များ အပေါ် အခြေခံပြီး ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ရုရှား၊ စပိန်နှင့် ဗြိတိန်နိုင်ငံတို့တွင် မကြာသေးမီက ပြန်လည်ဖြစ်ပွားခဲ့သည့် သေဆုံးမှုကိန်းဂဏန်းများ အဆိုပါစာရင်းတွင် ထည့်သွင်းထားခြင်းမရှိကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၃၇ သန်းခန့်ရှိပြီး ၎င်းတို့အနက် ၂ ဒသမ ၉၅ သန်းခန့်သည် ထိုရောဂါဖြင့် သေဆုံးခဲ့သည်။ သို့သော် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၇၇ ဒသမ ၈ သန်းခန့်သည် ထိုရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း တရားဝင် ကိန်းဂဏန်းများအရ သိရသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-ဂျေတီ



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၄၂ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၁၃**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၄၂ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၀၆၈၈ ဦးရှိလာကြောင်း သိရသည်။

နိုဝင်ဘာ ၈ ရက်မှစတင်ပြီး နိုင်ငံအတွင်း နေ့စဉ်ရောဂါကူးစက်ခံရသူ အရေအတွက်မှာ သုံးဆခန့် မြင့်တက်ခဲ့ပြီး ဆိုးလ်နှင့်အနီးတစ်ဝိုက်ရှိ ဂျွန်ဂျီပြည်နယ်တို့တွင် လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုများကို တွေ့ရှိခဲ့သည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၁၅၆ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ပြီး ၁၆၃ ဦးမှာ ဂျွန်ဂျီပြည်နယ်မှ ဒေသခံများဖြစ်သည်။ ၎င်းအပြင် နိုင်ငံရပ်ခြားမှ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄ ဦးကိုလည်း တွေ့ရှိခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းကြောင့် လူငါးဦးထပ်မံသေဆုံးခဲ့သဖြင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ဦးရေမှာ ၁၇၇၅ ဦးရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာခွဲခြားစောင့်ကြည့်ရေး စင်တာများတွင် ကုသမှုခံယူပြီး ပြန်လည်ကျန်းမာလာသူ ၁၀၁၃၃၂ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး နိုင်ငံသား ၆၀၅၅၇ဦးမှာ ကာကွယ်ဆေးအကြိမ်ရေ အပြည့်အဝ ထိုးနှံမှုခံယူခဲ့ပြီးဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# အစ္စရေးနိုင်ငံက မေ ၁၈ ရက်တွင် ကျောင်းအားလုံး ပြန်လည်ဖွင့်လှစ်ရန် ဆုံးဖြတ်

**ဂျေရုဆလင် မေ ၁၃**

အစ္စရေးနိုင်ငံသည် မေ ၁၈ ရက်တွင် နိုင်ငံအတွင်းရှိ ကျောင်းအားလုံးကို ပြန်လည်ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ကြောင်း မေ ၁၃ ရက်တွင် အစ္စရေးအစိုးရ၏ ထုတ်ပြန်ချက်အရ သိရသည်။

အစ္စရေးအစိုးရသည် မေ ၁၈ ရက်တွင် စာသင်ကျောင်းများနှင့်စပ်လျဉ်းသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးရေးအတွက် အစ္စရေးပညာရေးဝန်ကြီးဌာနက အဆိုပြုထားသည့် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးအစိုးရ၏ အစီအစဉ်သစ်အရ အရွယ်ရောက်ပြီးသူများနှင့် ကျောင်းသားများကို စောင့်ကြည့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းတစ်ကျောင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူတစ်ဦး တွေ့ရှိခဲ့ပါက အဆိုပါကျောင်းရှိ ကျောင်းသားများနှင့် ဆရာ ဆရာမများအားလုံးသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်ခံရမည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံသည် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်အများစုကို ဖြေလျှော့ပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် နိုင်ငံ၏လူဦးရေ ကိုးသန်းအနက်မှ ၅၂ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အစ္စရေးနိုင်ငံ၌ အသက် ၁၆ နှစ်အောက် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ခြင်း မရှိသေးသည့်အတွက် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေးမှာ နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၇၆၀ ထပ်မံတွေ့ရှိ

**တီဟီရန် မေ ၁၃**

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၇၆၀ ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၁၈၂၁၂ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၅၀၅၅ ဦးရှိလာကြောင်းနှင့် ရောဂါဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၁၇၂၉၂၉ ဦးရှိကာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၈၁ ဦးမှာ အထူးကြပ်မတ်ကုသဆောင်များတွင် ကုသမှုခံယူနေကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနမှ ပြောခွင့်ရသူ အမျိုးသမီး ဆီမာ ဆာဒတ် လာရီက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှု ၁၃၈၆၆၈၈၇ ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်များ မြင့်တက်နေသဖြင့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ကြရန် နိုင်ငံသားများအား ညွှန်ကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ ဘာသာပြန်-စိုးသူရ

# အိန္ဒိယနိုင်ငံက ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အရေးပေါ်သုံးစွဲရန် အတည်ပြု

**နယူးဒေလီ ဧပြီ ၁၃**
အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းစံချိန်တင်မြင့်မားနေစဉ် ကာကွယ်ဆေးထိုးနှံမှု အရှိန်မြှင့်လုပ်ဆောင်ရန်အတွက် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုလိုက်သည်။

အိန္ဒိယအစိုးရသည် အောက်စဖို့ဒ် တက္ကသိုလ်နှင့် ဗြိတိန်-ဆွီဒင်ကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ပြည်တွင်းဆေးဝါးကုမ္ပဏီထုတ် Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ပြီးနောက် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တတိယမြောက် ကာကွယ်ဆေးအဖြစ် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် ခွင့်ပြုချက်ရရှိမှုအပေါ် အလွန်ပင်ဝမ်းသာမိပါကြောင်း၊ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုတိုက်ဖျက်ရေးနှင့် ထိန်းချုပ်ရေးအတွက် အထိရောက်ဆုံး နည်းလမ်းမှာ ကာကွယ်ဆေး ထိုးနှံခြင်းပင်ဖြစ်ကြောင်း အိန္ဒိယဆေးဝါးကုမ္ပဏီ၏ ပူးတွဲဥက္ကဋ္ဌ ဒေါက်တာဂျီဗီပရာဆတ်က ပြောကြားသည်။

လူဦးရေ ၁ ဒသမ ၃ ဘီလီယံခန့် နေထိုင်သောအိန္ဒိယနိုင်ငံသည် မကြာသေးမီ သီတင်းပတ်များမှစ၍ ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက် ကူးစက်မှုနှင့် ရင်ဆိုင် ကြုံတွေ့လျက်ရှိသည့်အတွက် အချို့ဒေသများတွင် တာဝန်ရှိသူများက ညမထွက်ရအမိန့်နှင့် အသွားအလာ ကန့်သတ်မှုများကို ပြန်လည်ချမှတ်ခဲ့သည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၁၀၀၀ ကျော် ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀၀၀၀ နှင့်အထက် ရှိလာသည်မှာ ခုနစ်ရက်ဆက်တိုက် ရှိလာကြောင်း သိရသည်။

ယခုအခါ ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၈၅၂ သန်းကို အိန္ဒိယနိုင်ငံ၌ ထုတ်လုပ်ရန် ရုရှားနိုင်ငံ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့က သဘောတူခဲ့ပြီးဖြစ်သည်။ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအများဆုံးထုတ်လုပ်သည့် အိန္ဒိယနိုင်ငံသည် ၎င်း၏ကာကွယ်ဆေး ထိုးနှံမှု အစီအစဉ်ကို ယခုနှစ် ဇန်နဝါရီ ၁၆ ရက်က စတင်ခဲ့ပြီး လက်ရှိအချိန်အထိ ပြည်သူ ၁၀ ဒသမ ၈ သန်းခန့်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။




အိန္ဒိယအစိုးရသည် ယခုနှစ် ဇူလိုင်လကုန်ပိုင်းတွင် ပြည်သူသန်း ၃၀၀ ခန့်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရန် ရည်ရွယ်ထားသော်လည်း ပြည်နယ်တချို့တွင် ကာကွယ်ဆေး ပြတ်လပ်မှုနှင့် ကာကွယ်ဆေးရရှိမှု နှောင့်နှေးခြင်းများကြောင့် ၎င်း၏ရည်မှန်းချက်ကို ထိခိုက်သွားနိုင်ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မြင့်တက်လာခြင်းကြောင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတင်ပို့မှု နှောင့်နှေးကြန့်ကြာခဲ့ခြင်းဖြစ်သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျော်တီ**

○



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၅၇၁ ဦး ထပ်မံတွေ့ရှိ

**မနီလာ ဧပြီ ၁၃**
ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၅၇၁ ဦးကို ယနေ့ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၈၄၇၈၃ ဦး ရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၁၅၂၈၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ရောဂါကူးစက်ခံရမှုများကျဆင်းစေရန်အတွက် ရောဂါပိုးရှိသူများအား ရှာဖွေကုသမှုကို လာမည့်သီတင်းနှစ်ပတ်တွင် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ လျော့ကျစေရန်အတွက် ရောဂါပိုးရှိသူများအား ရှာဖွေကုသခြင်းနှင့် ရောဂါပိုး ရှိ မရှိ စစ်ဆေးခြင်းတို့ကို လက်ရှိအချိန်တွင် ဆောင်ရွက်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ မက်ထရိုမနီလာဒေသနှင့် အနီးပတ်ဝန်းကျင် ဒေသလေးခုတို့ရှိ ဆေးရုံများတွင် ဆေးရုံခုတင်အရေအတွက် ၃၀၀၀ကို ကိုဗစ်-၁၉ လူနာများအတွက် ပြင်ဆင်ထားရှိကြောင်း သိရသည်။

မက်ထရိုမနီလာဒေသနှင့် အနီးပတ်ဝန်းကျင်ရှိ ဒေသလေးခုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် မြင့်တက်နေသဖြင့် ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို မတ်လ ၂၉ ရက်မှစတင်ပြီး ချမှတ်ခဲ့ရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည် ကျန်းမာလာသူ |
|---|---|---|---|
| | ၁၃၇၄၂၈၀၉၃ ဦး | ၂၉၆၂၁၀၂ ဦး | ၁၁၀၅၇၄၄၄၆ ဦး |

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄ ဒသမ ၃၆ သန်းနီးပါးရှိလာ

**အဒစ်အဘာဘာ ဧပြီ ၁၃**
အာဖရိကတိုက်၌ ဧပြီ ၁၃ ရက်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၃၅၉၅၄၄ ဦး အထိရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၁၅၉၇၀ နှင့် ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၃၉၁၄၇၁၉ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံး နိုင်ငံများမှာ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့ဖြစ်ကြောင်းလည်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိက နိုင်ငံများအနက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံဖြစ်သည့် တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၅၉၁၁၃ ဦးအထိရှိကြောင်းလည်း သိရသည်။ ထို့ပြင် အာဖရိက၏ ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံဖြစ်သည့် မော်ရိုကိုနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၅၀၂၂၇၇ ဦးအထိ ရှိလာကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့၏ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုသည် အာဖရိကတိုက် ကိုဗစ်-၁၉ ရောဂါကူးစက်မှု၏ ၆၄ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ထို့ပြင် အာဖရိကတိုက်တစ်ခုလုံး၏ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်းသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် စုစုပေါင်း၏ ၃ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိခဲ့ကြောင်းလည်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

■



# မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ရှိ "ရွှေအကယ်ဒမီ" ဝိုင်ချစ်သူနှင့် စားဥယျာဉ်ဆိုင်အား အကြမ်းဖက်သူ အမျိုးသား ၁၅ ဦးက မီးရှို့ဖျက်ဆီးကာ ငွေများ ယူဆောင်ထွက်ပြေး

**နေပြည်တော် ဧပြီ ၁၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ရှိ "ရွှေအကယ်ဒမီ" ဝိုင်ချစ်သူနှင့် စားဥယျာဉ်ဆိုင်အား အကြမ်းဖက်သူ ၁၅ ဦးက မီးရှို့ဖျက်ဆီးကာ ငွေများ ယူဆောင်ထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံကျေးရွာနေ ဦးရွှေခိုင် (၆၅) နှစ် (ဘ) ဦးဘဝင်း ပိုင်ဆိုင်သော "ရွှေအကယ်ဒမီ" ဝိုင်ချစ်သူနှင့် စားဥယျာဉ်ဆိုင်သို့ မျက်နှာဖုံးများ စွပ်ထားသော အကြမ်းဖက်သူ အမျိုးသား ၁၅ ဦး (စိစစ်ဆဲ) တို့သည် ဆိုင်ကယ် ခုနစ်စီးဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်း မီးခိုးဗုံး နှစ်လုံးဖြင့် ပစ်ပေါက်ကာ ခေးများ ကိုယ်စီကိုင်ဆောင် ဝင်ရောက်လာ၍ ဆိုင်အတွင်းရှိ ပစ္စည်းများကို ရိုက်ခွဲဖျက်ဆီးကာ ဓာတ်ဆီပုလင်းများဖြင့် ဆိုင်အား မီးရှို့ခဲ့ပြီး ဆိုင်ကောင်တာအတွင်းမှ ငွေကျပ် ၁၀ သိန်းခန့်အား ယူဆောင်ကာ မန္တလေးမြို့ဘက်သို့ ဆိုင်ကယ်များဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ အကြမ်းဖက်သူများ၏ ဖျက်ဆီး မီးရှို့ခဲ့မှုကြောင့် ဆိုင်အတွင်းရှိ စားပွဲ၊ ထိုင်ခုံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှ "ရွှေအကယ်ဒမီ" ဝိုင်ချစ်သူနှင့် စားဥယျာဉ်ဆိုင်ကို ဖျက်ဆီးကာ မီးရှို့ခဲ့၍ ငွေများ ယူဆောင်သွားသည့် အကြမ်းဖက်သူ အမျိုးသား ၁၅ ဦး(စိစစ်ဆဲ)အား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**









# ဝိုင်းမော်နှင့် ပင်လောင်းမြို့နယ်တို့၌ ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၂ ရက် ညနေ ၆ နာရီ မိနစ် ၅၀ တွင် ဝိုင်းမော်မြို့နယ် ဝါးရှောင်ကျေးရွာအနီး ဝါးရှောင်-ဝိုင်းမော်သွားကားလမ်းတွင် ဟောင်းလွမ်း မောင်းနှင်ပြီး မကိုင်အောင် လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၂ ကီလိုကိုလည်းကောင်း၊၊

ထို့အတူ ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ဝါးပြုံးကျေးရွာ မြေတိုင်-ဝါးပြုံးကျေးရွာသွားလမ်းပေါ်ရှိ တံတားအနီးတွင် မသင်္ကာဖွယ်လမ်းလျှောက်လာသူ ခွန်မျိုးမင်းအောင်(ခ)လဖွေအား စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



ဟောင်းလွမ်း၊ မကိုင်အောင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

# မုဒုံမြို့နယ်၌ ကြက်တိုက်လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၃**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ဧပြီ ၁၂ ရက်က ကြက်တိုက်လောင်းကစားပြုလုပ်သူများကို ဆိုင်ကယ်မျိုးစုံ ၁၀၅ စီး၊ လောင်းကြေးငွေ ၁၂ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၂ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မုဒုံမြို့နယ် ကော့ခပုံကျေးရွာအနောက်ဘက် လယ်ကွင်းအတွင်းသို့ သွားရောက်စစ်ဆေးရာ အဆိုပါနေရာ၌ ကြက်တိုက်လောင်းကစား ပြုလုပ်နေသူ မုဒုံမြို့နယ် မြို့မ(၂) ရပ်ကွက်နေ ဆံရှည်ပါ ကိုးဦးအား တိုက်ကြက်ဖ ငါးကောင်၊ ငွေကျပ် ၁၂ သိန်း၊ ဆိုင်ကယ် ၁၀၅ စီး တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဆံရှည်ပါ ကိုးဦးအား ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။


ပြစ်မှုကျူးလွန်သူ မောင်မောင်၊ သန်းမင်းထွေး၊ လှသိန်း၊ ရွှေဝင်း၊ ဆံရှည်၊ စန်းမြင့်၊ သန်းဝင်း၊ အောင်မင်းဇော်၊ ဝင်းမင်းထိုက်(ဝဲမှယာ)နှင့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

**ရဲပြန်ကြား**

# ဖားကန့်မြို့နယ်၌ ယာဉ်တစ်စီး တိမ်းမှောက်၍ မီးလောင်

**နေပြည်တော် ဧပြီ ၁၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ဧပြီ ၁၀ ရက် ညနေ ၅ နာရီခွဲက ကာမိုင်း-လုံးခင်းသွားကားလမ်းမကြီးဘေးရှိ အနက် ၁၅ ပေခန့် ချောက်အတွင်းသို့ ကားတစ်စီး ထိုးကျတိမ်းမှောက်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကာမိုင်းမှ ဖားကန့်သို့ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ (၄)ရပ်ကွက်နေ ဝင်းမင်းဦး မောင်းနှင်ပြီး ကိုနိုင် လိုက်ပါလာသည့် ဘိလပ်မြေနှင့် ကုန်ပစ္စည်းမျိုးစုံ တင်ဆောင်လာသော ခြောက်ဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက် လမ်းဘေးချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် ယာဉ်မှာပျက်စီးသွားပြီး ဝင်းမင်းဦးပါ နှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိရာ ဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းမင်းဦးအား လုံးခင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ဖေ့စ်ဘွတ်အကောင့်တစ်ခုအရင်းပြု၍

သူရိန်သော်

မနေ့က အပြင်သွားနေရင်း ဆိုင်သစ်လေးတစ်ဆိုင်တွေ့တာနဲ့ လှမ်းပြီးကြည့်မိတယ်။ လူတိုင်းရင်းနှီးပြီးသား အမည်လေးတစ်ခု။ Like & Share လို့ ဆိုင်းဘုတ်မှာ ရေးသားထားတယ်။ ဒါဆိုရင် အားလုံးသိပြီ။ လူမှုကွန်ရက်ဖေ့စ်ဘွတ်ပေါ်မှာ လူတိုင်း like ပေးကြတယ်။ အခြား Reaction အမျိုးမျိုးလည်းပေးကြတယ်။ ချစ်ခင်နှစ်သက်ရင် အသည်းပုံလေး၊ ဝမ်းနည်းရင် ငိုနေတဲ့ပုံနဲ့ စိတ်ဆိုးရင်တော့ အနီရောင်မျက်နှာစူပုပ်ပုပ်ပုံစံမျိုး။ ကြိုက်တဲ့စာသား၊ ဓာတ်ပုံတွေ့ရင် Share ခလုတ်ကလေးနှိပ်လိုက်ရင် ကိုယ့်မိတ်ဆွေတွေပါ မြင်တွေ့ရမယ်။ လူတိုင်း လူတိုင်း ဖေ့စ်ဘွတ်က ဘဝဖြစ်လာတယ်။ အချို့လူတွေ မိုးလင်းကနေ မိုးချုပ်အထိ ဖုန်းပွတ်တယ်လို့ပြောရမလား။ မျက်စိနှစ်လုံးပွင့်တာနဲ့ ဖေ့စ်ဘွတ်ကို အရင်ဆုံးဖွင့်တယ်။

### တွင်တွင်ကြီး သုံးကြ

မြန်မာပြည်သူအများစုက ဖေ့စ်ဘွတ်ကနေ တစ်ဆင့် လောကကြီးကို တစ်နေကုန် ထိုင်ကြည့်နေကြတယ်လို့ ပြောလို့ရတယ်။ အဲဒီထဲမှာမှ ထင်ရှားကျော်ကြားသူ တစ်ယောက်ယောက်က တစ်ခုခု တင်လိုက်မိတယ်ဆိုရင် အားလုံး ခုနက Like & Share ကို တွင်တွင်ကြီး သုံးကြပြီ။ အခြားသူတစ်ယောက်ယောက်က အမှားတွေပါလို့ ထောက်ပြလည်း ဝိုင်းပြီးဆွမ်းကြီးလောင်းကြလို့ သုံးနေတဲ့ အကောင့် (Account ) ကလေးပါ ပျက်နိုင်ပါတယ်။

အဲဒီ ပလက်ဖောင်းပေါ်မှာ ငယ်သူငယ်ချင်းတွေနဲ့ဆုံတယ်၊ အဝေးရောက်တဲ့ ဆွေမျိုးတွေနဲ့ ဗီဒီယိုကောလ်ခေါ်နိုင်တယ်၊ Group Chat တွေကနေ သန်ရာသန်ရာ စုစည်းမိပြီး စကားတွေပြောကြ၊ အသိပညာမျှဝေကြနဲ့ ပျော်စရာကြီး။ ဖေ့စ်ဘွတ်မှာ သင့်ရဲ့ ဖူးစာရှင်က ဘယ်သူနဲ့တူသလဲတို့၊ ဒီဂိမ်းကလေးဆော့လိုက်ကြရအောင်တို့လို ပျော်စရာ အက်ပလီကေးရှင်း(Application) လေးတွေ မြင်ရင် ဝင်ပြီးဆော့ကြတယ်။ ကိုယ့်ရဲ့ အချက်အလက်တွေ ပေးပြီးသားဖြစ်သွားပြီဆိုတာကို မေ့နေကြတယ်။ ကိုယ်က အက်ပလီကေးရှင်းတစ်ခုထဲကို ဝင်မိပြီဆိုတာနဲ့ ကိုယ့်မိတ်ဆွေသူငယ်ချင်းတွေ အကုန်လုံးဆီမှာ အဲဒီ အက်ပလီကေးရှင်းက ကြော်ငြာခွင့်ရသွားပြီဆိုတာကိုတော့ မသိချင်ယောင်ဆောင်နေကြတယ်။ ဗိုင်းရပ်စ်တစ်ကောင်လို တစ်ယောက်ကနေတစ်ယောက်ဆီကို ကူးစက်ပြီး ပျံ့နှံ့နေကြတယ်။ ဒီလိုနည်းနဲ့ ဖေ့စ်ဘွတ်ဟာ သူ့ရဲ့စီးပွားရေးကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုတယ်။

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမဲမသမာမှုတွေအတွက်၊ အမှန်တရားအတွက်၊ ပြည်သူတွေတောင့်တလွန်းတဲ့ ဒီမိုကရေစီတင်းပြည့်ကျပ်ပြည့်ဖြစ်လာဖို့အတွက် ယာယီသမ္မတက နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာတယ်၊ တပ်မတော်ကို အာဏာလွှဲအပ်တယ်။ အရာအားလုံးကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခြားတည်ဆဲဥပဒေတွေအတိုင်း စနစ်တကျ ဆောင်ရွက်နေတာမြင်ရတယ်။ အဲဒီမှာ အများဆုံးမြင်ရတဲ့ အဖျက်အမှောင့်တွေဟာ ဖေ့စ်ဘွတ်ပေါ်မှာ အခြေတည်လာတာတွေ့ရတယ်။ ပြည်သူတွေကို မြှောက်ပင့်ပေးတယ်။ လမ်းပေါ်ထွက်ကြတယ်။ ထင်ရှားကျော်ကြားသူတွေကို သွေးဆောင်ပြီး ရှေ့ကထွက်ခိုင်းတယ်။ ဒီဖေ့စ်ဘွတ်ကနေ တရားမဝင်တဲ့ အသင်းအဖွဲ့တွေ တည်ထောင်တယ်။ အလှူငွေဆိုတဲ့ သူတို့အင်အားကောင်းဖို့ ရန်ပုံငွေတွေကိုလည်း ဖေ့စ်ဘွတ်ကနေချိတ်ဆက်တယ်။ ဝန်ထမ်းတွေကို CDM အတင်းလုပ်ခိုင်းတယ်။ တာဝန်ကျေပွန်ပြီး အလုပ်ကိုဆက်ဆင်းနေတဲ့ ဝန်ထမ်းတွေကို ခြိမ်းခြောက်၊ အကျပ်ကိုင်၊ အရှက်ခွဲ စတာတွေကိုလည်း ဖေ့စ်ဘွတ်ကနေ အဓိကလုပ်ကိုင်ကြတယ်။**

ဖေ့စ်ဘွတ်သုံးလိုက်တာနဲ့ ကိုယ့်ရဲ့ကိုယ်ရေးအချက်အလက်တွေ၊ ကိုယ်တင်လိုက်တဲ့ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေအားလုံးဟာ ကိုယ်မပိုင်တော့ဘူး။ ဥပမာ ကိုယ့်ဆီက အသုံးလိုမယ့် အချက်အလက်တွေ၊ အကြောင်းအရာတွေဟာ အကျိုးရှာတဲ့ စီးပွားရေးအုပ်စုတွေ၊ ကိုယ်လိုရာဖန်တီးဖို့အတွက် အသုံးချမယ့် အစိုးရတွေရဲ့ လက်ထဲကိုရောက်သွားတဲ့အခါ ဖေ့စ်ဘွတ်ကို လိုသလိုဖန်တီးပြီး လူသားတွေကို ဝါဒဖြန့်ကြတယ်။ လွှမ်းမိုးဖို့ကြိုးစားကြတယ်။ အဲဒါတွေကို မခံစားနိုင်တဲ့ နိုင်ငံတွေလည်းရှိတယ်။ အဲဒီနိုင်ငံတွေကတော့ ရုရှားနဲ့ တရုတ်နိုင်ငံပါပဲ။ ရုရှားဟာ VK ကို ရွှေ့သလို တရုတ်ကလည်း WeChat လိုနေရာတွေကို ပလက်ဖောင်းအဖြစ် ပြောင်းလဲအသုံးပြုတယ်။ ဒါမှလည်း အတွေးအခေါ်အမှားတွေ၊ ဆိုက်ဝါး (Spywar) တွေကနေ ကင်းဝေးမှာဖြစ်တာကြောင့်ပါ။ အဲဒီအခါမှာ ဖေ့စ်ဘွတ်ကလည်း ရုရှားအစိုးရနဲ့ပတ်သက်တဲ့ စာမျက်နှာတွေ၊ လူပုဂ္ဂိုလ်တွေကို ဖယ်ရှားတယ်။ သတင်းစာမျက်နှာတွေကို ဖြုတ်ချပစ်တယ်။

**အစိုးရရဲ့ တရားဝင်စာမျက်နှာတွေဖြစ်တဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တပ်မတော်သတင်းမှန်ပြန်ကြားရေး၊ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ပေါ်တယ်၊ မြန်မာ့အလင်း၊ ကြေးမုံစာမျက်နှာတွေကို Report လုပ်ကြတယ်။ ဒီစာမျက်နှာတွေဟာ သတင်းအမှားတွေဖြန့်ဝေပါတယ်ဆိုပြီး အများမြင်ကွင်းကပျောက်ကွယ်အောင်လုပ်ပစ်လိုက်တာပါ။ အဲဒီတော့မှသာ အစိုးရရဲ့ ဆောင်ရွက်ချက်တွေ၊ လက်ရှိမြေပြင်အခြေအနေအမှန်တွေကို ပြည်သူတွေ ပြတ်တောက်သွားကြမယ်။ နိုင်ငံတော်ရဲ့ ပကတိအခြေအနေကို ပြည်သူတွေ မျက်ခြည်ပြတ်သွားကြမယ်။ ဒါမှသာ သူတို့သိမ်းသွင်းလိုတဲ့ အခြေအနေကို ဖန်တီးနိုင်မယ်။ အဲဒီစာမျက်နှာတွေဟာ Like သိန်းနဲ့ချီများပြားတဲ့ စစ်မှန်တဲ့ စာမျက်နှာတွေပါ။ အဲဒီလိုအရာတွေကို ဖေ့စ်ဘွတ်က ကွန်မြူနတီစတန်းဒက်နဲ့ မညီပါဘူးဆိုပြီး အပြာရောင်အမှန်တံဆိပ်ကလေးကိုမှ မကြည့်ဘဲ ပိတ်လိုက်ကြတယ်။ အမှန်က သတင်းအမှန်တွေကို နိုင်ငံတကာက မမြင်နိုင်၊ မတွေ့နိုင်အောင် အဖျက်အမှောင့်လုပ်ငန်းတွေ အောင်မြင်အောင် အဆိပ်ပင်ရေလောင်းလိုက်တာလို့ပဲ ဆိုချင်ပါတယ်။**

### ဘယ်မှာလဲ ကိုယ်ပိုင်လွတ်လပ်ခွင့်

၂၀၁၈ ခုနှစ်လောက်က ကင်ဘရစ်ဂျ်အနာလက္ခဏာ ကုမ္ပဏီပြဿနာတက်တယ်။ အမေရိကန်မှာ ဖေ့စ်ဘွတ်သုံးတဲ့သူတွေထဲက သန်း ၈၇ လောက်ရဲ့ ကိုယ်ရေးအချက်အလက်တွေ အလွဲသုံးဖို့ထုတ်ယူခဲ့တယ်လို့ ကြားလိုက်ရတယ်။ ဒါတင်မကသေးဘူး သမ္မတရွေးပွဲမှာ ထရန့်အနိုင်ရဖို့ရာမှာလည်း ဖေ့စ်ဘွတ်က အကူအညီပေးတယ်ဆိုပြီး သတင်းတွေက ဖော်ပြကြတယ်။ ဘယ်မှာလဲ ကိုယ်ပိုင်လွတ်လပ်ခွင့်လို့သာ မေးလိုက်ချင်တော့တယ်။ ဒါတင်မကသေးဘူး အမုန်းစကားတွေဖြန့်တယ်။ အယူဝါဒတွေဖြန့်တယ်။ လူတွေကို မှိုင်းတိုက်ပြီး လိုရာပုံသွင်းဖို့အတွက် ဖေ့စ်ဘွတ်ကို သုံးလာကြတယ်။

မြန်မာနိုင်ငံမှာ ဖေ့စ်ဘွတ်ကနေ မိတ်ဆွေဖွဲ့၊ အလိမ်အညာဇာတ်လမ်းတွေဆင်ပြီး ငွေတွေဆုံးရှုံးသွားကြရသူတွေ၊ အိမ်ထောင်ရှိရက်နဲ့ လေလှိုင်းကြားက အချစ်ဇာတ်လမ်းအသစ်တွေကြောင့် မိသားစုပျက်စီးသွားရသူတွေ၊ ဆယ်ကျော်သက်ကလေးတွေကို အွန်လိုင်းကနေ ဖြားယောင်းသွေးဆောင်တဲ့အတွက် ပျက်စီးသွားရတဲ့ဘဝတွေ၊ ဖေ့စ်ဘွတ်ပေါ်က ဆေးမြီးတိုတွေကိုယုံစားပြီး အသက်ပေးလိုက်ရတဲ့ ရောဂါသည်တွေ၊ ငွေကြေးသိန်းပေါင်းသောင်းနဲ့ချီပြီး အလွဲသုံးစားလုပ်ကြသူတွေ၊ ပရဟိတအမည်ခံပြီး နာမည်ပျက်တော့ အကောင့်ပါဖျက်ပြီး ငွေထုပ်ပိုက်ထွက်ပြေးကြသူတွေ.......။ အများကြီးရှိခဲ့ပါပြီ။ ဒါပေမယ့် အခုထိလည်း ယုံကြည်နေကြဆဲ၊ ဖေ့စ်ဘွတ်ကို ကမ္ဘာထင်နေကြဆဲလူတွေ အများကြီးရှိနေဆဲပါ။

အမုန်းတရားတဲ့။ မမြင်ရတဲ့လေလှိုင်းထဲမှာ အပြင်မှာ မပြောဝံ့ကြတဲ့ မကြားဝံ့မနာသာ ဖရုသဝါစာတွေကို အမျိုးသမီးလေးတွေကတောင် အားရပါးရ ပြောကြဆိုကြတယ်။ ဒါတင်မကသေးဘူး ဘယ်နေရာမှာ ဘာဖြစ်နေပြီဆိုတာမျိုး ကောလာဟလမျိုးစုံကိုလည်း မြင်ရတယ်။ ပြီးခဲ့တဲ့ ငါးနှစ် NLD အစိုးရတက်လာတဲ့အခါ Social Media ကို အရေးတကြီးကိုင်တွယ်လိုက်တယ်။ SMMT ကို သန်းပေါင်းများစွာအကုန်ခံပြီး ထိန်းချုပ်လိုက်ကြတယ်။ ပြည်သူတွေကတော့ အင်တာနက်မြန်နှုန်းမြင့်လာတာနဲ့အမျှ ပိုက်ဆံအကုန်ခံပြီးတော့ကို သုံးလိုက်ကြတဲ့ အင်တာနက်။ ပထမဆုံးမြန်မာတွေခံစားရတာက Culture ထိခိုက်လာကြတာ။ အားလုံးပွင့်လင်းလာခဲ့ကြတာလား၊ ရိုင်းစိုင်းလာခဲ့ကြတာလား ပြန်စဉ်းစားကြည့်စေလိုပါတယ်။

### ပြည်သူတွေ ဆုံးရှုံးခဲ့

အမျိုး၊ ဘာသာ၊ သာသနာကိုထိပါးလို့ ဆတ်ဆတ်ထိမခံရေးကြည့်ပါလား၊ စာမျက်နှာတွေ၊ ကိုယ်ပိုင်အကောင့်တွေ ချက်ချင်းပိတ်သွားတတ်တယ်။ အဲဒီကာလမှာ တပ်မတော်ကို စော်ကားချင်တိုင်းစော်ကား၊ ဘာသာ၊ သာသနာကို ထိပါးချင်တိုင်းထိပါး အကောင့်တွေမပိတ်ဘူး၊ စာမျက်နှာတွေမပိတ်ဘူး။ အနီတွေကို ထိခိုက်လို့ကတော့ အကောင့်က ကွန်မြူနတီစတန်းဒက် (Community Standard) နဲ့ မညီပါဘူးဆိုပြီး ပိတ်သွားကြရစမြဲ။ အမုန်းတရားတွေပြန့်ပွားလာတာ၊ လူအချင်းချင်းလေးစားမှု၊ စာနာထောက်ထားမှုဆိုတာတွေကို ပြည်သူတွေ ဆုံးရှုံးခဲ့တယ်။

### ဖေ့စ်ဘွတ်ပေါ်မှာ အခြေတည်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမဲမသမာမှုတွေအတွက်၊ အမှန်တရားအတွက်၊ ပြည်သူတွေတောင့်တလွန်းတဲ့ ဒီမိုကရေစီတင်းပြည့်ကျပ်ပြည့်ဖြစ်လာဖို့အတွက် ယာယီသမ္မတက နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာတယ်၊ တပ်မတော်ကို အာဏာလွှဲအပ်တယ်။ အရာအားလုံးကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခြားတည်ဆဲဥပဒေတွေအတိုင်း စနစ်တကျ ဆောင်ရွက်နေတာမြင်ရတယ်။ အဲဒီမှာ အများဆုံးမြင်ရတဲ့ အဖျက်အမှောင့်တွေဟာ ဖေ့စ်ဘွတ်ပေါ်မှာ အခြေတည်လာတာ တွေ့ရတယ်။ ပြည်သူတွေကို မြှောက်ပင့်ပေးတယ်။ လမ်းပေါ်ထွက်ကြတယ်။ ထင်ရှားကျော်ကြားသူတွေကို သွေးဆောင်ပြီး ရှေ့ကထွက်ခိုင်းတယ်။ ဒီဖေ့စ်ဘွတ်ကနေ တရားမဝင်တဲ့ အသင်းအဖွဲ့တွေ တည်ထောင်တယ်။ အလှူငွေဆိုတဲ့ သူတို့ အင်အားကောင်းဖို့ ရန်ပုံငွေတွေကိုလည်း ဖေ့စ်ဘွတ်ကနေ ချိတ်ဆက်တယ်။ ဝန်ထမ်းတွေကို CDM အတင်းလုပ်ခိုင်းတယ်။ တာဝန်ကျေပွန်ပြီး အလုပ်ကိုဆက်ဆင်းနေတဲ့ ဝန်ထမ်းတွေကို ခြိမ်းခြောက်၊ အကျပ်ကိုင်၊ အရှက်ခွဲ စတာတွေကိုလည်း ဖေ့စ်ဘွတ်ကနေ အဓိကလုပ်ကိုင်ကြတယ်။

တပ်မတော်နဲ့ လုံခြုံရေးတာဝန်ယူထားရတဲ့ ပြည်သူ့ရဲတွေ အခက်ကြုံအောင် ပြည်သူတွေကို သွေးထိုးပေးကြတာလည်း

စာမျက်နှာ ၁၆ သို့ ❖

# လမ်းမှားဆက်လျှောက်နေကြတဲ့ ဆူပူအကြမ်းဖက်သူတွေကို အမြင်မှန်ရပြီး အဆုံးသတ်စေချင်လှပါပြီ၊ ဒါမှ တိုင်းပြည်ကြီး အမြန်ဆုံး တည်ငြိမ်အေးချမ်းသွားပြီး အရောင်းအဝယ်တွေလည်း အရင်လို ပြန်အဆင်ပြေလာဖို့ မျှော်လင့်ပါတယ်

**ကိုမောင်မောင်**

**ရက်ရှည်လာပြီဖြစ်သော CDM လှုပ်ရှားမှုသည် နှစ်လခွဲနီးနီးထိ ကြာမြင့်လာသော်လည်း CDM လှုပ်ရှားမှုများ ဆက်လက်ဆောင်ရွက်နေသူများရှိနေသဖြင့် CDM တွင် ပါဝင်ပတ်သက်ခြင်းမရှိသူများအတွက် CDM မပြီးဆုံးမချင်း စိတ်အနှောင့်အယှက်မျိုးစုံ ကြုံတွေ့နေရဆဲပင်ဖြစ်သည်။ လတ်တလောတွင် CDM ၏ အကျိုးဆက်များကို ပြည်သူများထံမှ ယခုကဲ့သို့ ကြားသိခဲ့ရပါသည်။**

### ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်တစ်ဦး

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ ဒေါက်တာယုယုထွန်း(အမည်လွှဲ)ပဲ ဖြစ်ပါတယ်။ အရေးအခင်းဖြစ်တော့ ကျွန်မတို့ ပြည်သူ့ဆေးရုံက ဝန်ထမ်းတွေ အတော်များများ CDM ထဲပါသွားကြတယ်။ ကျွန်မနဲ့ သူနာပြုဆရာမ တစ်ယောက်ကလွဲပြီး ကျန်သူတွေအားလုံး CDM လုပ်နေကြတော့ ဆေးရုံတစ်ခုလုံးတိတ်ဆိတ်နေပါတယ်။ ကျွန်မကတော့ ဆေးလာကုတဲ့ လူနာတွေကို ဒီအတိုင်း ပြန်မလွှတ်နိုင်ပါဘူး။ ကျွန်မတတ်နိုင်သလောက် ကုသပေးခဲ့ပါတယ်။ အဲဒါကို မလိုလားကြတဲ့ CDM အဖွဲ့က ကျွန်မနဲ့ ကျွန်မရဲ့မိသားစုပုံတွေကို လူမှုကွန်ရက်ပေါ်တင်ပြီး နည်းမျိုးစုံနဲ့ အရှက်ခွဲပါတယ်။ အစကတော့ ကျွန်မ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရပါတယ်။ ဒီလို တစ်ခါမှ အတင်မခံရဖူးတော့ ရုတ်တရက် လန့်ဖျပ်သွားပေမယ့် ကြာလာတော့ရိုးသွားပါပြီ။ ကျွန်မတစ်ယောက်တည်းကိုသာ ပစ်မှတ်ထားနေတာမှမဟုတ်ဘဲ CDM မလုပ်တဲ့ ဝန်ထမ်းတွေအားလုံးကို အလှည့်ကျ စိတ်အနှောင့်အယှက်ပေးနေတာမို့ နောက်ပိုင်းတော့ မတုန်လှုပ်တော့ပါဘူး။ ဆရာဝန်ဆိုတာ လူနာတိုင်းကို ဆေးကုသပေးဖို့ တာဝန်ရှိပါတယ်။ ဝန်ထမ်းဖြစ်နေလို့ ကိုယ့်အလုပ် ပုံမှန်ဆက်လုပ်နေကြဖို့ပဲ လိုတာပါ။ အစိုးရအပြောင်းအလဲဆိုတာ ဘဝတစ်သက်တာမှာ ခဏခဏကြုံဖူးခဲ့ပါပြီ။ ဘယ်အစိုးရမှ မတည်မြဲပါဘူး။ တည်မြဲတာက ကျွန်မတို့ ဝန်ထမ်းတွေပါပဲ။ အငြိမ်းစားမယူမချင်း ကိုယ့်အလုပ်ကို အေးအေးဆေးဆေး လုပ်ကြစေချင်ပါတယ်။ အခုတော့ လူတချို့က သူများယောင်လို့သာ ယောင်ရတယ်၊ အမောင် တောင်မှန်းမြောက်မှန်း မသိနိုင်လောက်အောင် ယောင်နေကြတာတော့ အင်မတန်ဆိုးရွားလှပါတယ်။ အဲဒါကြောင့် ကျွန်မဟာ CDM ဘယ်တော့မှမလုပ်ပါဘူး။ တခြားဝန်ထမ်းတွေလည်း တတ်နိုင်သလောက် CDM နဲ့ ကင်းကင်းရှင်းရှင်းနေစေချင်ပါတယ်။ ကျွန်မတာဝန်ဟာ လူမမာတွေကို ဆေးကုသပေးဖို့ဖြစ်လို့ ဘယ်လို အခြေအနေမျိုးပဲရောက်ရောက် ဆေးဆက်ကုနေမှာ သေချာပါတယ်ရှင်။

### အလှကုန်ပစ္စည်းများရောင်းချသူ ကိုမောင်မောင်

အမှန်တော့ CDM ဆိုတာ အစကတည်းက လျှောက်လာတဲ့လမ်းကိုက မှားယွင်းနေတယ်လို့ ကျွန်တော် ယူဆတယ်ခင်ဗျ။ ငါနဲ့မတူငါ့ရန်သူဆိုတဲ့ စိတ်ဓာတ်မွေးမြူပြီး ပြိုင်ဘက်ကို အလဲထိုးချင်စိတ်နဲ့ အတင်းအဓမ္မ ပြည်သူတွေကို CDM ထဲပါအောင် ဖိအားပေးတာကတော့ လွန်လွန်းပါတယ်။ လွတ်လပ်စွာသဘောကွဲလွဲခွင့်ရှိတဲ့နိုင်ငံပါဗျာ။ အခုလတ်တလော နိုင်ငံရေးအခြေအနေမှာ တန်ဖိုးရှိလှတဲ့ လူ့အသက်ပေါင်းများစွာ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးနေရတာကိုပဲကြည့်လေဗျာ။ ထိပ်တိုက်ရင်မဆိုင်သင့်တာကို ရင်ဆိုင်ရင်တော့ ဆုံးရှုံးရမယ့်ရလဒ်တွေရှိနေမှာကို ဆူပူအကြမ်းဖက် လုပ်နေတဲ့သူတွေ သဘောပေါက်ကြဖို့ ကောင်းပါပြီ။ ကျွန်တော်က ဘယ်ဘက်ကမှားတယ်၊ မှန်တယ် ဝေဖန်နေတာမဟုတ်ပါဘူး။ ဖြစ်သင့်ဖြစ်ထိုက်တာကို ပြောတာပါ။ အကျိုးမရှိဘဲ လူ့အသက်တွေနဲ့ လမ်းမပေါ်မှာ အရင်းအနှီးလုပ်နေကြရုံနဲ့ သူတို့လိုချင်တာ ရရောတဲ့လားဗျာ။ တလွဲဆံပင်ကောင်းဆိုသလို ဖြစ်နေတယ်လို့ ထင်မိလို့ပါ။ တစ်လောကလည်း ပညာရေးဌာနက ရာထူးတိုးဖြေဖို့လာတဲ့ဆရာ ဆရာမတွေ၊ မွမ်းမံသင်တန်းလာတက်တဲ့ ဆရာ ဆရာမတွေကို ကျောင်းအပေါက်ဝကနေ သံပုံးတီးပြီး ရုန့်ရင်းကြမ်းတမ်းဆဲဆိုကြတဲ့သတင်း တွေ့မိပါတယ်။ ကျွန်တော်ပြောတဲ့ တလွဲဆံပင်ကောင်းဆိုတာ အဲဒါပဲလေ။ မဆီမဆိုင် သူ့အလုပ်သူလုပ်နေတာကို ဟန့်တားနှောင့်ယှက်ရတာကိုက ဂုဏ်ယူစရာတဲ့လားဗျာ။ ဌာနတိုင်းက ဝန်ထမ်းတိုင်းက မိသားစုကိုယ်စီ၊ အခက်အခဲကိုယ်စီနဲ့လေဗျာ။ ကိုယ်ချင်းစာတရားလေးတော့ ထားဦးမှပေါ့။ အခုတော့ ကိုယ်လုပ်သလို သူများမလုပ်တိုင်း ရန်သူလို သဘောထားပြီး ဖိနှိပ်စရာလားဗျာ။ ဒီ CDM ကြောင့် ပြည်သူတွေ၊ လက်လုပ်လက်စားတွေလည်း စားဝတ်နေရေး တကယ့်ကို ခက်ခဲနေကြတယ်။ အရင်က ကျွန်တော့်အလှကုန်ဆိုင်လေးဟာ အတော်လေး အရောင်းသွက်ခဲ့တယ်။ ဈေးနှုန်းလည်းမှန် ပစ္စည်းလည်းစုံလို့ ကျွန်တော့်ဆိုင်က ကျွန်တော်တို့မြို့မှာ အထင်ကရလို့ပြောလို့ရခဲ့တယ်။ အခုတော့ ဈေးဝယ်သူတွေနည်းပါးသွားပြီ။ အလှကုန်ဆိုတာ လူတွေပိုမှလျှံမှ ဝယ်ဖြစ်ကြတာမဟုတ်လား။ အဓိက စားဝတ်နေရေးပြေလည်ဖို့တောင် မနည်းရုန်းကန်နေကြရတော့ ကျွန်တော့်ဆိုင်လေး ခြောက်ကပ်ဖြစ်နေတာလည်း မဆန်းတော့ပါဘူး။ တစ်နေ့တစ်နေ့ ရုတ်ရုတ်ရုတ်ရုတ်နဲ့ CDM ထဲပါနေကြတဲ့သူတွေကြည့်ပြီး ကျွန်တော် မေးချင်တဲ့စကားလေးရှိပါတယ်။ အထိမ်းအမှတ်နေ့တွေအမျိုးမျိုးနဲ့ နေ့တိုင်း ချီတက်နေတဲ့ အရေးတော်ပုံက ဘယ်တော့များမှ ပြီးဆုံးမလဲဆိုတာ သိချင်လို့ပါ။ လမ်းမှားဆက်လျှောက်နေကြတဲ့ ဆူပူအကြမ်းဖက်သူတွေကို အမြင်မှန်ရပြီး အဆုံးသတ်စေချင်လှပါပြီ။ ဒါမှ တိုင်းပြည်ကြီး အမြန်ဆုံး တည်ငြိမ်အေးချမ်းသွားပြီး အရောင်းအဝယ်တွေလည်း အရင်လို ပြန်အဆင်ပြေလာဖို့ မျှော်လင့်ပါတယ်။

### လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုထွန်းထွန်း

ကျွန်တော့်လက်ဖက်ရည်ဆိုင်လေးက သူများဆိုင်ထက် ဈေးသက်သာလို့ ဖောက်သည်ပိုစည်နေတာပါ။ တခြားဆိုင်မှာ ရှယ်လက်ဖက်ရည် တစ်ခွက် ငွေကျပ် ၄၀၀ ပေးနေရတဲ့အချိန်မှာ ကျွန်တော့်ဆိုင်မှာ အရင်ဈေးတစ်ခွက် ငွေကျပ် ၂၀၀ မပြောင်းလဲခဲ့ဘူး။ ပေါက်စီ၊ စမူဆာ၊ ပလာတာတွေလည်း အမြတ်နည်းချင်နည်းပါစေ၊ ကိုယ့်ဖောက်သည်တွေ စိတ်ချမ်းသာဖို့ အရေးကြီးတာမို့ တခြားဆိုင်ထက် မုန့်တွေကို ပိုကြီးပြီးလုပ်ထားတော့ ဖောက်သည်တွေ ပေါတာပေါ့ဗျာ။ သားသမီးလေးယောက်နဲ့ ကျွန်တော်တို့လင်မယားအပါ မိသားစု ခြောက်ယောက်ရဲ့ စားဝတ်နေရေး၊ ကျောင်းစရိတ်အားလုံး ဒီလက်ဖက်ရည်ဆိုင်လေးကိုပဲ အားပြုနေရတာပါ။

ကိုဗစ်-၁၉ ရောဂါ ဖြစ်စကတည်းက ကျွန်တော့်လက်ဖက်ရည်ဆိုင်လေး အတော်ကြာကြာ ပိတ်လိုက်ရတော့ ဖောက်သည်တွေလည်း ပျက်ကုန်တယ်။ ဆိုင်ပိတ်ထားရတဲ့အချိန်တွေမှာ ဝင်ငွေမရှိတော့ မတော်အောင် ရှာကြံစားသောက်ရတာပေါ့ဗျာ။ ကိုဗစ်လေးပါးတော့ ဆိုင်ပြန်ဖွင့်ရတော့မယ်ဆိုပြီး ဝမ်းသာနေရတယ်။ အခုတော့ အရေးအခင်းကထဖြစ်ပြန်တော့ မိသားစုရဲ့စားဝတ်နေရေးက ခက်ခဲလာတယ်။ အရင်နှစ်တွေ တုန်းကတော့ အခုလို နွေပေါက်လာရင် လက်ဖက်ရည်ထက် ကြံရည်လက်မလည်အောင် ရောင်းရတယ်။ ခုတော့ လက်ဖက်ရည်လာသောက်ကြသူတွေကခပ်ပါးပါး၊ ကြံရည်က တစ်ရက်တလေ ဈေးဦးတောင်မပေါက်တဲ့နေ့တွေရှိလာပြီ။ ပလာတာတွေ၊ ပေါက်စီတွေလည်း အရင်လို ရောင်းမကုန်တော့ အရှုံးပေါ်တဲ့ရက်တွေ များလာပြီလေ။ ဒါကြောင့် မုန့်တွေလည်း လျှော့လုပ်လာရပြီ။ အမြတ်ရဖို့ထက် အရင်းပြန်ရဖို့တောင် အတော်ခက်ခဲလာတယ်။ ဖောက်သည်ပြန်စုချိန်လေးဆိုတော့ ရောင်းမကောင်းလည်း ဆက်ရောင်းနေရတယ်။ နိုင်ငံရေးအခြေအနေ မတည်ငြိမ်တော့ လက်ဖက်ရည်သောက်ဖို့အတွက် အိမ်ကနေ သိပ်မထွက်ကြတော့ဘူး။ မရေရာ မသေချာတဲ့ CDM ရဲ့ ပန်းတိုင်က ရောက်မရောက်တော့ မသိဘူး။ CDM ရဲ့အကျိုးဆက်ကတော့ ပြည်သူတွေအားလုံးကို အထိနာစေတာတော့ ငြင်းမရဘူး။

### ကွမ်းရောင်းသူ မစိုးစိုး

အစ်မတို့မျိုးရိုးစဉ်ဆက်က ကွမ်းကိုပဲ အဓိကရောင်းခဲ့တော့ ကွမ်းနဲ့ ပတ်သက်လာရင် အတော်လေးရင်းနှီးကျွမ်းဝင်နေပါပြီ။ အရင်ကဆို ကွမ်းရောင်းကောင်းတော့ အစ်မ နားချိန်မရှိပါဘူး။ ကိုဗစ်-၁၉ ရောဂါလည်းဖြစ်ရော လူပါးသွားပြီး အရောင်းကျသွားတယ်။ ဒီရောဂါကပ်ဆိုးပြီး အောင် မနည်းအားတင်းခဲ့ရတယ်။ ဖောက်သည်တွေလည်း တစ်ယောက်စ နှစ်ယောက်စပဲ ရှိတော့တယ်။ ကိုဗစ်-၁၉ ရောဂါငြိမ်သွားတော့ အရင်လိုပဲ စည်ကားမယ်မကြံသေးဘူး၊ အရေးအခင်းက ထဖြစ်ပြန်တော့ ငုတ်တုတ်မေ့ပြန်ရော။ အစ်မကွမ်းဆိုင်ကြီးလည်း ကိုဗစ်တုန်းကလို ခြောက်ကပ်ကပ်ဖြစ်သွားရပြန်ပြီ။ ရှိသမျှလူတွေကလဲ CDM လှုပ်ရှားမှုထဲမှာ ဘာမသိညာမသိနဲ့ လိုက်နေကြတာနဲ့ လမ်းမပေါ်မှာ လူရှင်းနေတယ်။ ညဘက်ဆိုပိုဆိုးတယ်။ အရင်က စည်ကားလိုက်တဲ့ အစ်မရဲ့ ဆိုင်လေးမှောင်လာတာနဲ့ လူသွားလူလာ မတွေ့ရတော့ဖူး။ ဒီ CDM တွေရဲ့ ရန်ကရှိသေးတယ်မဟုတ်လား။ သူနဲ့မတူတဲ့သူတိုင်းကို အောက်တန်းကျတဲ့နည်းနဲ့ သူလျှိုဒလန် စွပ်စွဲပြီး ချောက်ချနေကြတော့ လူတွေလည်း အပြင်သိပ်မထွက်ကြတော့ဘူး။ သူတို့ကိုကြောက်ကြလို့တော့ မဟုတ်ပါဘူး။ ရန်ရှောင်ကြတာပါ။ အုပ်စုဖွဲ့ဗိုလ်ကျနေတာ မြင်တွေ့နေရတာမို့ အေးအေးဆေးဆေးနေချင်သူတွေက ရှောင်ကြတာပါ။ အစ်မလည်း ဘယ်ဘက်မှမထောက်ခံပါဘူး။ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး ဈေးရောင်းစားနေတာပါ။ ရပ်ကွက်ထဲမှာလည်း ဖျက်လိုဖျက်ဆီး စိတ်ဓာတ်နဲ့ မီးရှို့၊ လူသတ်နေကြတဲ့ ဥပဒေမဲ့လုပ်ရပ်တွေကိုတော့ လက်မခံနိုင်ပါဘူး။ အစိုးရကို မကျေနပ်တာနဲ့ မဆီမဆိုင် အပြစ်မဲ့တဲ့ ပြည်သူတွေကို ဖိနှိပ်ညှဉ်းဆဲတာတော့ မယောင်ရာဆီလူးနေတာပဲလို့ CDM တွေကို ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း – မေနန်းစိုး**

❖ စာမျက်နှာ ၁၅ မှ

ဒီပလက်ဖောင်းကပဲဆိုတာ ငြင်းမရပါဘူး။ အသံတိတ်သပိတ်၊ အမှိုက်သပိတ်၊ ပန်းသပိတ်၊ လုံချည်သပိတ်၊ နေ့သပိတ်၊ ညသပိတ် အကုန်လုံးကို ဒီလူမှုကွန်ရက် ဖေ့စ်ဘွတ်ပေါ်ကနေ စည်းရုံးလှုံ့ဆော်ကြတာတွေက အများဆုံးပါပဲ။ လူတွေကို သပိတ်ကနေ ဆူပူအကြမ်းဖက်မှုအထိ ဖြစ်လာစေဖို့ စေ့ဆော်မှုတွေကလည်း ဖေ့စ်ဘွတ်ပေါ်မှာ အခြေခံတယ်။ အကြမ်းဖက်မှုတွေကို နှိမ်နင်းရင်း သေဆုံးမှုဖြစ်စဉ်တွေဖြစ်တဲ့အခါ မီးလောင်ရာလေပင့် သူရဲကောင်းဆိုပြီး နောက်ထပ် မိုက်ရူးရဲဆန်ဆန် ထွက်လာမယ့် လူငယ်တွေကို ဖိတ်ခေါ်ကြပြန်တယ်။ နိုင်ငံတကာက ပြည်တွင်းရေးကို ဝင်ရောက်ပါဝင်ဖို့၊ တိုင်းပြည် သွေးချောင်းစီးဖို့ရည်ရွယ်ကြံစည်ကြတယ်။ သတင်းအမှားတွေနဲ့ ကောလာဟလတွေ တစ်ကမ္ဘာလုံးကို ပြန့်သွားနိုင်အောင် လူမှုကွန်ရက်ကို အခြေပြုပြီး ပုံဖော်နေကြတယ်။

**အဆိပ်ပင်ရေလောင်း**

**အစိုးရရဲ့ တရားဝင်စာမျက်နှာတွေဖြစ်တဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တပ်မတော်သတင်းမှန်ပြန်ကြားရေး၊ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ပေါ်တယ်၊ မြန်မာ့အလင်း၊ ကြေးမုံစာမျက်နှာတွေကို Report လုပ်ကြတယ်။ ဒီစာမျက်နှာတွေဟာ သတင်းအမှားတွေ ဖြန့်ဝေပါတယ်ဆိုပြီး အများမြင်ကွင်းက ပျောက်ကွယ်အောင် လုပ်ပစ်လိုက်တာပါ။ အဲဒီတော့မှသာ အစိုးရရဲ့ ဆောင်ရွက်ချက်တွေ၊ လက်ရှိမြေပြင် အခြေအနေအမှန်တွေကို ပြည်သူတွေ ပြတ်တောက်သွားကြမယ်။ နိုင်ငံတော်ရဲ့ပကတိအခြေအနေကို ပြည်သူတွေမျက်ခြည်ပြတ်သွားကြမယ်။ ဒါမှသာ သူတို့သိမ်းသွင်းလိုတဲ့ အခြေအနေကို ဖန်တီးနိုင်မယ်။ အဲဒီစာမျက်နှာတွေဟာ Like သိန်းနဲ့ချီ များပြားတဲ့ စစ်မှန်တဲ့ စာမျက်နှာတွေပါ။ အဲဒီလိုအရာတွေကို ဖေ့စ်ဘွတ်က ကွန်မြူနတီစတန်းဒက်နဲ့ မညီပါဘူးဆိုပြီး အပြာရောင်အမှန်တံဆိပ်ကလေးကိုမှ မကြည့်ဘဲ ပိတ်လိုက်ကြတယ်။ အမှန်က သတင်းအမှန်တွေကို နိုင်ငံတကာက မမြင်နိုင်၊ မတွေ့နိုင်အောင် အဖျက်အမှောင့်လုပ်ငန်းတွေ အောင်မြင်အောင် အဆိပ်ပင်ရေလောင်းလိုက်တာလို့ပဲ ဆိုချင်ပါတယ်။**

**အသုံးချခံလာရ**

အာဏာရှင်အများစုဟာ ဒီမိုကရေစီရဲ့ အသီးအပွင့်အဖြစ် ပေါ်ထွက်လာတဲ့ ဖေ့စ်ဘွတ်ကို ဒီမိုကရေစီအယောင်ဆောင်လက်နက်တစ်ခုအဖြစ် အသုံးချခံလာရတယ်လို့ပဲ ယူဆမိပါတယ်။ လူမှုကွန်ရက်ဆိုတာလို့ မထင်ရတော့လောက်အောင် လူတစ်စုရဲ့ အကျိုးစီးပွားအတွက် အသုံးချလိုက်ကြတာပါပဲ။ ဖေ့စ်ဘွတ်ကို ထူထောင်လိုက်တဲ့အတွက် ထူထောင်သူဟာ ကမ္ဘာ့ကျော်ငွေကြေးချမ်းသာသူစာရင်းဝင်သွားတယ်။ ဖေ့စ်ဘွတ်ကို အသုံးပြုကြသူတွေဟာ ကောင်းကျိုးဆိုးကျိုးတွေကို တွဲဝေခံစားကြရတယ်။ ဒါပေမယ့် အသုံးပြုသူတွေနဲ့တည်ထောင်သူတို့ထက် အကျိုးစီးပွားဖြစ်ထွန်းသွားသူတွေက ဖေ့စ်ဘွတ်ကို လက်နက်သဖွယ်သဘောထားပြီး မိမိတို့အလိုရှိရာကို ဆောင်ယူ၊ အမြတ်ထုတ်ကြတဲ့ လူတွေဖြစ်တယ်ဆိုတာကိုတော့ ပြည်သူတွေ သိစေလိုလှပါပြီ။ ဒါကြောင့် ဖေ့စ်ဘွတ်ဟာ မသုံးတတ်ရင် ဘေးဖြစ်သလို၊ လူထုအပေါ်၊ နိုင်ငံအပေါ် အမြတ်ထုတ်လိုသူတွေအတွက်တော့ လက်ကိုင်တုတ်သဖွယ် ဖြစ်နေတယ်ဆိုတာကို သတိပြုကြပါလို့ တိုက်တွန်းလိုက်ပါရစေတော့။ ။

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

စာတည်းအဖွဲ့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၃ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် ပူတာအိုမြို့နယ် မဲရုံ ၄၈ ရုံ | ၃၉၂၆၈ | ၃၅၄၀၄ | ၁၄၅၂ | ၃၆၇ | ၄၀၄၈ |
| ၂ | ကချင်ပြည်နယ် မချမ်းဘောမြို့နယ် မဲရုံ ၁၇ ရုံ | ၅၉၀၂ | ၄၁၈၃ | ၁၃ | ၃ | ၂၁၀ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၆၅၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၂၈၇၇ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၅၈၄၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၇၀၂၉၊ မြေပြင်လက်ကျန် ၁၆၉၆၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၇၀ ဖြစ်ပြီး အပိုတွေ့ရှိရသောမဲလက်မှတ်မှာ ၅ စောင်ဖြစ်သည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပူတာအိုမြို့နယ် | ၄၈ | ၄၅၅၇၅ | ၃၀၈၈၄ | ၁၄၆၉၁ | ၁၄၆၃၀ | ၆၆ | ၅ |
| ၂ | မချမ်းဘောမြို့နယ် | ၁၇ | ၇၃၀၂ | ၄၉၆၄ | ၂၃၃၈ | ၂၃၃၄ | ၄ | |
| | **စုစုပေါင်း** | **၆၅** | **၅၂၈၇၇** | **၃၅၈၄၈** | **၁၇၀၂၉** | **၁၆၉၆၄** | **၇၀** | **၅** |

**ပူတာအိုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်တွင် ရပ်ကွက် ၁၁ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ မဲရုံပေါင်း ၄၈ ရုံမှ ထုတ်ယူခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၄၅၅၇၅ ဖြစ်ပြီး မဲပေးသူအသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများမှာ ၃၀၈၈၄ ဖြစ်သဖြင့် ကျန်ရှိရမည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၄၆၉၁ ဖြစ်သော်လည်း မြေပြင်တွင် ၁၄၆၃၀ သာ ကျန်ရှိကြောင်း တွေ့ရှိရပါသည်။ ဆန္ဒမဲလက်မှတ်များ လျော့နည်း/ပျောက်ဆုံးမှုနှင့် အပိုဖြစ်ပေါ်မှုအခြေအနေများအား အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၄၀၆၀၀ | ၃၀၄၈၁ | ၁၀၁၁၉ | ၁၀၀၅၈ | ၆၆ | ၅ |
| ၂ | မြို့နယ်မဲလက်ကျန် | ၄၉၇၅ | ၄၀၃ | ၄၅၇၂ | ၄၅၇၂ | | |
| | **စုစုပေါင်း** | **၄၅၅၇၅** | **၃၀၈၈၄** | **၁၄၆၉၁** | **၁၄၆၃၀** | **၆၆** | **၅** |

၆။ ပူတာအိုမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၁ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ မဲရုံပေါင်း ၄၈ ရုံတွင် မဲလက်မှတ်အရေအတွက် ၆၆ စောင် ပျောက်ဆုံးနေပြီး ၅ စောင် ပိုနေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် မြေပြင်လက်ကျန်ဆန္ဒမဲလက်မှတ် ၄၅၇၂ စောင် ကျန်ရှိသဖြင့် ကျန်ရှိရမည့်အရေအတွက်နှင့် ကိုက်ညီမှုရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၇။ ပူတာအိုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မရပ်ကွက် | ၁ | ၁၂၀၀ | ၉၉၈ | ၂၀၂ | ၂၀၂ | | |
| ၂ | ကောင်ကထောင်ရပ်ကွက် | ၁ | ၁၇၀၀ | ၁၃၅၆ | ၃၄၄ | ၃၄၄ | | |
| ၃ | ဟိုခိုရပ်ကွက် | ၁ | ၉၀၀ | ၆၉၂ | ၂၀၈ | ၂၀၈ | | |
| ၄ | ပန်းလှိုင်ရပ်ကွက် | ၁ | ၅၅၀ | ၃၈၇ | ၁၆၃ | ၁၆၃ | | |
| ၅ | ပါအင်ရပ်ကွက် | ၁ | ၄၀၀ | ၃၆၄ | ၃၆ | ၃၆ | | |
| ၆ | တုံလီထုရပ်ကွက် | ၁ | ၂၀၀ | ၁၆၄ | ၃၆ | ၃၆ | | |
| ၇ | တပ်သစ်ရပ်ကွက် | ၁ | ၆၀၀ | ၄၄၀ | ၁၆၀ | ၁၆၀ | | |
| ၈ | လုံးစွတ်ရပ်ကွက် | ၁ | ၁၁၅၀ | ၈၁၁ | ၃၃၉ | ၃၃၉ | | |
| ၉ | လေယာဉ်ကွင်းရပ်ကွက် | ၂ | ၃၀၅၀ | ၂၂၈၉ | ၇၆၁ | ၇၅၉ | ၂ | |
| ၁၀ | ဒုတ္တန်ရပ်ကွက် | ၁ | ၂၂၀၀ | ၁၆၉၁ | ၅၀၉ | ၅၀၉ | | |
| ၁၁ | မူလာရှီးဒီရပ်ကွက် | ၁ | ၁၇၀၀ | ၁၀၉၁ | ၆၀၉ | ၆၁၃ | | ၄ |
| ၁၂ | မန်စေကျေးရွာအုပ်စု | ၇ | ၄၉၅၀ | ၃၄၉၄ | ၁၄၅၆ | ၁၄၄၆ | ၁၀ | |
| ၁၃ | မာမူးလဲ့ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၂၉၀ | ၂၆၀ | ၂၆၀ | | |
| ၁၄ | မန်စေခွန်ကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၈၆ | ၂၁၄ | ၂၀၉ | ၅ | |
| ၁၅ | ပမ္မတီးကျေးရွာအုပ်စု | ၃ | ၃၁၀၀ | ၂၂၆၇ | ၈၃၃ | ၈၃၃ | | |
| ၁၆ | ပူတောင်းကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၁၈၁ | ၄၁၉ | ၄၁၇ | ၂ | |
| ၁၇ | ဆာရ်ခွမ်ဒမ်းကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၃၈၀ | ၄၂၀ | ၄၂၀ | | |
| ၁၈ | မကပ်မုံကျေးရွာအုပ်စု | ၂ | ၄၅၀ | ၄၁၂ | ၃၈ | ၃၆ | ၂ | |
| ၁၉ | လန်းတောင်ကျေးရွာအုပ်စု | ၄ | ၂၇၅၀ | ၁၉၅၂ | ၇၉၈ | ၇၉၈ | | |
| ၂၀ | ဇီးအွန်ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၄၁၂ | ၃၃၈ | ၃၃၈ | | |
| ၂၁ | မူလာဒီကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၄၆၂ | ၄၃၈ | ၃၉၃ | ၄၅ | |
| ၂၂ | ဖတ်မာကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၉၉၁ | ၁၅၉ | ၁၆၀ | | ၁ |
| ၂၃ | လုံရှာယာန်ကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၈၈၃ | ၈၁၇ | ၈၁၇ | | |
| ၂၄ | ဆွမ်ပီယာန်ကျေးရွာအုပ်စု | ၂ | ၉၀၀ | ၆၂၉ | ၂၇၁ | ၂၇၁ | | |
| ၂၅ | နမ်ထွမ်ခူးကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၁၀၅၉ | ၂၉၁ | ၂၉၁ | | |
| | **ရပ်/ကျေးချုပ်စုစုပေါင်း** | **၄၈** | **၄၀၆၀၀** | **၃၀၄၈၁** | **၁၀၁၁၉** | **၁၀၀၅၈** | **၆၆** | **၅** |
| | **မြို့နယ်လက်ကျန်မဲလက်မှတ်** | | **၄၉၇၅** | **၄၀၃** | **၄၅၇၂** | **၄၅၇၂** | | |
| | **မြို့နယ်ချုပ်စုစုပေါင်း** | **၄၈** | **၄၅၅၇၅** | **၃၀၈၈၄** | **၁၄၆၉၁** | **၁၄၆၃၀** | **၆၆** | **၅** |

**မချမ်းဘောမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၈။ မြေပြင်စစ်ဆေးချက်များအရ ကချင်ပြည်နယ်၊ ပူတာအိုခရိုင် မချမ်းဘောမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၁ အုပ်စု၊ မဲရုံပေါင်း ၁၇ ရုံတို့မှ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၇၃၀၂၊ မဲပေးအသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများမှာ ၄၉၆၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၃၃၈ ဖြစ်ပြီး မြေပြင်လက်ကျန်မှာလည်း ၂၃၃၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ စိစစ်တွေ့ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၆၄၀၀ | ၄၈၉၀ | ၁၅၁၀ | ၁၅၁၀ | | |
| ၂ | မြို့နယ်မဲလက်မှတ် | ၉၀၂ | ၇၄ | ၈၂၈ | ၈၂၄ | ၄ | |
| | **စုစုပေါင်း** | **၇၃၀၂** | **၄၉၆၄** | **၂၃၃၈** | **၂၃၃၄** | **၄** | |

၉။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၈၂၈ ဖြစ်သော်လည်း မြေပြင်လက်ကျန်မဲလက်မှတ် ၈၂၄ သာ တွေ့ရှိရသဖြင့် ၄ စောင် လျော့နည်း ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၀။ မချမ်းဘောမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | နမ်ခမ်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၇၁၇ | ၁၃၃ | ၁၃၃ | | |
| ၂ | ထရန်ဒမ်းကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၀၉၉ | ၂၅၁ | ၂၅၁ | | |
| ၃ | ကောင်းမှုလုံကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၄၂ | ၁၅၈ | ၁၅၈ | | |
| ၄ | မန်နိုကျေးရွာအုပ်စု | ၂ | ၅၀၀ | ၄၀၁ | ၉၉ | ၉၉ | | |
| ၅ | ရပ်ကွက်(၁) | ၁ | ၅၅၀ | ၃၇၅ | ၁၇၅ | ၁၇၅ | | |

စာမျက်နှာ ၁၉ သို့ ✻

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

✻ စာမျက်နှာ ၁၈ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၆ | ရပ်ကွက်(၂) | ၁ | ၃၀၀ | ၂၄၅ | ၅၅ | ၅၅ | | |
| ၇ | ရပ်ကွက်(၃) | ၁ | ၄၀၀ | ၂၉၃ | ၁၀၇ | ၁၀၇ | | |
| ၈ | ရပ်ကွက်(၄) | ၁ | ၄၀၀ | ၂၈၈ | ၁၁၂ | ၁၁၂ | | |
| ၉ | အင်ဘူးဘော့ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၁၄ | ၁၃၆ | ၁၃၆ | | |
| ၁၀ | ရှင်မွေယန်ကျေးရွာအုပ်စု | ၁ | ၁၀၀ | ၇၀ | ၃၀ | ၃၀ | | |
| ၁၁ | အလန်ဂါးကျေးရွာအုပ်စု | ၁ | ၄၀၀ | ၃၁၄ | ၈၆ | ၈၆ | | |
| ၁၂ | ထန်ဂါးကျေးရွာအုပ်စု | ၁ | ၁၀၀ | ၈၀ | ၂၀ | ၂၀ | | |
| ၁၃ | အင်ဂါဒိန်ချက်ကျေးရွာအုပ်စု | ၂ | ၃၀၀ | ၁၈၀ | ၁၂၀ | ၁၂၀ | | |
| ၁၄ | မကျန်ဂါးကျေးရွာအုပ်စု | ၁ | ၅၀ | ၃၂ | ၁၈ | ၁၈ | | |
| ၁၅ | ဒိန်ဘူဒိန်ဆာကျေးရွာအုပ်စု | ၁ | ၅၀ | ၄၀ | ၁၀ | ၁၀ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၇ | ၆၄၀၀ | ၄၈၉၀ | ၁၅၁၀ | ၁၅၁၀ | | |
| | မြို့နယ်မဲလက်ကျန် | | ၉၀၂ | ၇၄ | ၈၂၈ | ၈၂၄ | ၄ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၇ | ၇၃၀၂ | ၄၉၆၄ | ၂၃၃၈ | ၂၃၃၄ | ၄ | |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၂ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

၂၀၂၂ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့ သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆-လိုင်းခွဲ/၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်များနှင့် လျှောက်လွှာတွင် ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website:https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



## အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်အတွင်း မီးလောင်မှုဖြစ်ပွားခဲ့သော မီးဘေးသင့်အိမ်ထောင်စုဝင်များကို ဆန်၊ ဆီ၊ အသင့်စားခေါက်ခွဲခြောက်ထုပ်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့


**မန္တလေး ဧပြီ ၁၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်၌ ယနေ့ နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ ယနေ့ မွန်းလွဲ ၁ နာရီတွင် ၄ လမ်းနှင့် ၇၃ ဘီလမ်း၊ အဆိုပါရပ်ကွက်ရှိ လောကမာရ်အောင်ဘုရား လမ်းလယ်ဓမ္မာရုံသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ ဦးသိန်းဌေး၊ ဦးယဉ်ထွေး၊ ရဲမှူးချုပ် စိန်လွင်၊ အတွင်းရေးမှူး ဦးမြင့်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်၍ တွေ့ဆုံအားပေးစကားပြောကြားပြီး မီးဘေးသင့်အိမ်ထောင်စုဝင်များကို ဆန်၊ ဆီ၊ အသင့်စားခေါက်ဆွဲခြောက်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

အဆိုပါထောက်ပံ့မှုအစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ မီးဘေးသင့်အိမ်ထောင်စု ၃၆ စုအတွက် ဆန်လေးပြည်ဝင်အိတ် ၁၆၃ အိတ်၊ ဆီ ၅၀ ကျပ်သားဘူး ၃၆ ဘူး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ် ၇၂ ကာတွန်း၊ ဆပ်ပြာခဲ ၂၁၆ ခဲ၊ မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ မီးဘေးသင့်အိမ်ထောင်စု ၃၆ စုအတွက် ငွေကျပ် ၃၉ သိန်းကျော်တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာဖိုး၊ ငွေကျပ် ၁၉ သိန်းကျော်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီမှ ၂၄ ပြည်အိတ် ၃၉ အိတ်တို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■



## နယ်စပ်ရေးရာဝန်ကြီးဌာနက ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း တောင်ကလေး-ဘုရားသုံးဆူ ၅၃ မိုင် လမ်းကြောင်းပေါ်တွင် ဖောက်လုပ်ပြီးမြေလမ်း ၂၂ မိုင်အနက် ၁၀ မိုင် ၂ ဖာလုံ ကျောက်ခင်းပြီး ကျန်မြေလမ်း ၁၁ မိုင် ၆ ဖာလုံအနက် ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၆၈ ဒသမ ၀၆၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြာအင်းဆိပ်ကြီးမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ မြို့နယ်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းလင်းဇော်နှင့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့မှ တောင်ကလေးသို့ လည်းကောင်း၊ တောင်ကလေးမှ ဘုရားသုံးဆူမြို့သို့ လည်းကောင်း ဆက်သွယ်ထားသောလမ်းဖြစ်ပြီး ဆောင်ရွက်ပြီးစီးသွားပါက လမ်းကြောင်းပေါ်ရှိ ကျေးရွာအုပ်စု ခုနစ်စုမှ ဒေသခံပြည်သူ ၂၀၉၇၆ ဦး အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၉-၅-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

၂၉။ **ပြည်ထောင်စုနေ့စဉ် သတင်းဌာနမှ သတင်းထောက် ဦးကိုကိုလွင်က** CDM နှင့်ပတ်သက်ပြီး ပြည်သူလူထုအများနှင့်သက်ဆိုင်သည့် ကျန်းမာရေးကိစ္စဖြစ်ကြောင်း၊ CDM လုပ်သည့်အချိန်တွင် CDM လုပ်သည့်ဝန်ထမ်းများရှိသလို CDM မလုပ်သည့် ဝန်ထမ်းအချို့လည်း ရှိပါကြောင်း၊ ဥပမာတစ်ခု ပြောရလျှင် တနင်္ဆည်မြို့နယ်က ကံထူးမ ဆရာဝန်တစ်ယောက်ကဲ့သို့ ထိုဆရာဝန်များလိုလူများရှိလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဘယ်လိုမျိုး ဂုဏ်ပြုခြင်းမျိုးရှိပါသလဲ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အကြိမ်ကြိမ် သတိပေးနေသည့်ကြားက ယနေ့တိုင် CDM ပြုလုပ်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ အထူးသဖြင့် ဆရာဝန်များနှင့် ပတ်သက်ပြီး နစ်နာနေသည့်အတွက် ၎င်းတို့ကို မည်သို့အရေးယူမည်ကို သိလိုကြောင်း မေးမြန်းသည်။

**Professional ကျကျ လုပ်နိုင်ရန်လို**

၃၀။ **ဗိုလ်ချုပ်ဇော်မင်းထွန်းက** မိမိတို့ သတင်းစာရှင်းလင်းပွဲတွင် ခဏခဏပြောနေသည့် ကံထူးမ တိုက်နယ်ဆေးရုံမှ CDM မလုပ်သည့်ဆရာဝန် ပြောသွားသည့်အထဲတွင် အစိုးရကို ထောက်ခံ/မထောက်ခံ၍ CDM မပြုလုပ်ခြင်းမဟုတ်ကြောင်း၊ CDM မလုပ်ခြင်းသည် လူနာများအတွက် မလုပ်ခြင်းဖြစ်ကြောင်း၊ မိမိတို့ပြောနေသည်မှာလည်း ထိုအတိုင်းဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် မည်သည့်အစိုးရတက်လာလာ ပြည်သူလူထုအကျိုးအတွက် လုပ်ရမည်ဖြစ်ကြောင်း၊ အစိုးရကို ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ မိမိဆန္ဒကို မိမိပြ၍ရကြောင်း၊ ထိုစိတ်ဓာတ်မျိုးကို ပြောခြင်းဖြစ်ကြောင်း၊ မိမိတို့လုပ်နေသည့်လုပ်ငန်း၊ ဝန်ထမ်းများ လုပ်နေသည့်လုပ်ငန်းများသည် မည်သူဖြစ်ဖြစ် စာရေးစာချီမှစပြီး အရာရှိဖြစ်ဖြစ် သူလုပ်ရမည့်လုပ်ငန်းများသည် Professional လုပ်ငန်းကို လုပ်ရခြင်းဖြစ်ကြောင်း၊ Professional စိတ်ဓာတ်မျိုး ရှိစေချင်ပါကြောင်း၊ ဝန်ထမ်းကောင်းများနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထိုက်သင့်သည့် ချီးမြှင့်မှုများ၊ ထိုက်သင့်သည့် အသိအမှတ်ပြုမှုများ လုပ်ရန်အတွက် အစီအစဉ်များရှိပါကြောင်း၊ ဝန်ကြီးဌာနများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိသည်ကို သတင်းများတွင် မြင်ရမည်ဖြစ်ပါကြောင်း၊ သကြၤန်ကာလအတွင်းတွင် သက်သာချောင်ချိမှု ဆောင်ရွက်နိုင်စေရန် ထောက်ပံ့ပေးနေသည့် ဝန်ကြီးဌာနများ ရှိပါကြောင်း၊ CDM နှင့်ပတ်သက်ပြီး အစိုးရ၊ ဝန်ကြီးဌာနများသည် ကောင်းမွန်စွာ လည်ပတ်လျက်ရှိပါကြောင်း၊ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်ပြီး ချို့ယွင်းချက်အချို့ရှိသော်လည်း တပ်မတော်ဆရာဝန်များနှင့် ဝင်ရောက်လုပ်ဆောင်ပေးနေမှုများ ရှိသဖြင့် မကြာမီအပြည့်အဝလည်ပတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် Professional ကျကျ လုပ်နိုင်ရန် လိုပါကြောင်း ဖြေကြားသည်။



သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများက ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုလာသော ဒေသန္တရလုပ် လက်နက်၊ ကိရိယာပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။

၃၁။ **ပြည်ထောင်စုနေ့စဉ်သတင်းဌာနမှ သတင်းထောက် ဦးကိုကိုလွင်က** ပုဒ်မ ၅၀၅ အပါအဝင် အခြားပုဒ်မများနှင့် အမှုဖွင့်အရေးယူထားခြင်းများနှင့်ပတ်သက်ပြီး အမြန်ဖမ်းဆီးရမိရေးနှင့် ထိရောက်စွာ အရေးယူနိုင်ရေးသည် လိုအပ်နေသည့်ကိစ္စဖြစ်ပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာများတွင် ၎င်းတို့နှင့် မပတ်သက်သည့် ဆန့်ကျင်ဘက်ကိစ္စများတွင် ဒုက္ခရောက်နေသည်ဟု သိရပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်နေသူများကို ရာဇသတ်ကြီးပုဒ်မ ၅၀၅ အပါအဝင် အခြားပုဒ်မများနှင့် အမှုဖွင့်အရေးယူထားသည့်နေရာတွင် နိုင်ငံပိုင်သတင်းစာများ၊ မြန်မာ့အသံနှင့် မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်နေသော်လည်း ကြည့်ရှုသူနည်းပါးသည့်အတွက် တစ်ခုအကြံပေးလိုသည်မှာ ထိရောက်ပျံ့နှံ့မှုအားနည်းနေသည့်အတွက်၊ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်အတွက် ပြည်သူများဆောင်ရွက်ပေးနိုင်ရေး အမှုဖွင့်ထားသူများ၏ ဓာတ်ပုံများကို ဗီနိုင်းထုတ်ပြီး မြို့အလိုက်လုပ်ရန် အစီအစဉ်ရှိ/ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

၃၂။ **ဗိုလ်ချုပ်ဇော်မင်းထွန်းက** အကြံပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ အောက်ခြေတွင် ဖြစ်ပျက်နေသည့်ကိစ္စများနှင့်ပတ်သက်ပြီး အကြံပြုမှုများရှိပါကြောင်း၊ ရပ်ထဲရွာထဲတွင် Social Bullying အလုပ်ခံရမှု၊ ခြိမ်းခြောက်ခံရမှုနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဆင့်ထိ သိပါကြောင်း၊ အောက်ခြေတွင်ဖြစ်နေသည့် ကိစ္စအားလုံးကိုသိပါကြောင်း၊ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းအတည်ပြုခြင်းများ၊ စုံစမ်းပြီး လိုက်လံဆောင်ရွက်လျက်ရှိပါကြောင်း၊ အချို့နေရာများတွင် မိမိတို့ဝန်ခံပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး လုံခြုံမှုအပြည့်ပေးနိုင်မှု ၁၀၀ ရာခိုင်နှုန်း မရှိသေးပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တစ်တိုင်းပြည်လုံးတွင် လုံခြုံမှုရှိစေရေး၊ တည်ငြိမ်အေးချမ်းမှု အမြန်ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

၃၃။ **ONE NEWS သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်က** မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး အချို့နိုင်ငံတကာအသိုင်းအဝိုင်းက အသိအမှတ်မပြုဘူးဟု အချို့အဖွဲ့အစည်းများက ပြောကြားနေခြင်းများ သိရပါကြောင်း၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုရှိပါသလား မေးမြန်းသည်။

**နိုင်ငံတကာနှင့် မိတ်ဝတ်မပျက်ဆက်ဆံ**

၃၄။ **ဗိုလ်ချုပ်ဇော်မင်းထွန်းက** နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တစ်လတစ်ကြိမ် လစဉ်လုပ်ဆောင်ချက်များ ထုတ်ပြန်နေပြီး ထိုအထဲတွင် ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်မည်ဖြစ်ပါကြောင်း၊ (၁၇) ကြိမ်မြောက် BIMSTEC ပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ယခုလတစ်ရက်နေ့က Video Conferencing ဖြင့် ပြုလုပ်ခဲ့ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ပါဝင်တက်ရောက်ခဲ့ပါကြောင်း၊ အစည်းအဝေးတွင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအခြေအနေ သုံးသပ်ခြင်းများ၊ BIMSTEC အဖွဲ့အတွက် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အခြေခံအဆောက်အဦများ ပိုမိုခိုင်မာစေရေး ဆောင်ရွက်သွားမည့်ကိစ္စများ၊ လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုဇရိယာနှင့် ဇရိယာခွဲများအား ပြင်ဆင်ဖွဲ့စည်းမှုများ၊ ထိပ်သီးအစည်းအဝေးက ချမှတ်ထားသည့် အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးနှင့် အတွင်းရေးမှူးရုံးအတွက် ရန်ပုံငွေအတည်ပြုခြင်း စသည်တို့ကို ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ထိုနေ့အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် ပုဂ္ဂလိကကဏ္ဍ၏အရေးပါမှုများ၊ ၂၀၂၂ ခုနှစ် အာဆီယံစီးပွားရေးအကြံပေးကောင်စီ၏လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ချုပ်ဆိုခဲ့သည့် ဒေသတွင်းနိုင်ငံတကာသဘောတူစာချုပ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေနှင့် ယခင်အစိုးရအဆက်ဆက် ခွင့်ပြုခဲ့သည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးသည်ဟု အာမခံကြောင်း၊ ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ကူညီဆောင်ရွက်ပေးရန် ဦးစားပေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မတ်လ ၅ ရက်နေ့ မနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အမေရိကန်သံအမတ်ကြီးတို့ Video Conferencing ဖြင့် တွေ့ဆုံခဲ့ခြင်း၊ မတ်လ ၈ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဂျပန်သံအမတ်ကြီးတို့ တွေ့ဆုံခဲ့ခြင်း၊ မတ်လ ၉ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် Head of the European Union Military staff ( EUMS ) ကို Video Conferencing ဖြင့် တွေ့ဆုံခဲ့ခြင်း၊ (၁၁) ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေးကို မတ်လ ၁၀ ရက်နေ့တွင် Video Conferencing ဖြင့် ပြုလုပ်ခဲ့ခြင်း၊ မတ်လ ၁၂ ရက်နေ့တွင် (၁၅) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်နှင့်အဖွဲ့ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ခြင်းများ ရှိပါကြောင်း၊ လူတိုင်းအလှမ်းမီရပ်ဝန်းသည့် အာဆီယံ Digital အသိုက်အဝန်းဆီကို အခြေခံပြီး အာဆီယံနိုင်ငံများ အလိုက်ဆွေးနွေးခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးကောင်စီ၏ (၄၉) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို မတ်လ ၁၁ ရက်နေ့၌ကျင်းပခဲ့ရာတွင်

စာမျက်နှာ ၂၂ သို့ ○

**ကံထူးမတိုက်နယ်ဆေးရုံမှ CDM မလုပ်သည့်ဆရာဝန် ပြောသွားသည့်အထဲတွင် အစိုးရကို ထောက်ခံ / မထောက်ခံ၍ CDM မပြုလုပ်ခြင်း မဟုတ်ကြောင်း၊ CDM မလုပ်ခြင်းသည် လူနာများအတွက် မလုပ်ခြင်းဖြစ်ကြောင်း၊ မိမိတို့ပြောနေသည်မှာလည်း ထိုအတိုင်းဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် မည်သည့်အစိုးရတက်လာလာ ပြည်သူလူထုအကျိုးအတွက် လုပ်ရမည်ဖြစ်ကြောင်း၊ အစိုးရကို ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ မိမိဆန္ဒကိုမိမိပြ၍ရကြောင်း၊ ထိုစိတ်ဓာတ်မျိုးကို ပြောခြင်းဖြစ်ကြောင်း၊ မိမိတို့လုပ်နေသည့်လုပ်ငန်း၊ ဝန်ထမ်းများ လုပ်နေသည့်လုပ်ငန်းများသည် မည်သူဖြစ်ဖြစ် စာရေးစာချီမှစပြီး အရာရှိဖြစ်ဖြစ် သူလုပ်ရမည့်လုပ်ငန်းများသည် Professional လုပ်ငန်းကို လုပ်ရခြင်းဖြစ်ကြောင်း၊ Professional စိတ်ဓာတ်မျိုးရှိစေချင်။**

○ စာမျက်နှာ ၂၀ မှ

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် တာဝန်ရှိသူများက Video မိန့်ခွန်း ပေးပို့ပြီး Online ဖြင့် ပါဝင်တက်ရောက်ခဲ့ပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် Video Conferencing စနစ်ဖြင့် မတ်လ ၁၅ ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ မတ်လ ၁၆ ရက်နေ့တွင် (၁၈) ကြိမ်မြောက် အာဆီယံ တပ်မတော် ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး ပြုလုပ်ခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် (၁၈) ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေးကို အွန်လိုင်းစနစ်ဖြင့် တက်ရောက်ခဲ့ပါကြောင်း၊ (၇၆) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို ရုရှားဖက်ဒရေးရှင်းနိုင်ငံက ဒုတိယဝန်ကြီး ဦးဆောင်သည့်အဖွဲ့ တက်ရောက်ခဲ့ပါကြောင်း၊ ဒါတွေသည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါကြောင်း၊ ယခု မတ်လတစ်လတည်း လုပ်ဆောင်ချက်များ ဖြစ်ပါကြောင်း၊ နိုင်ငံတကာက အသိအမှတ်မပြုခြင်း ဆိုသည်များသည် လုပ်ကြံဖန်တီးလိုသူ၊ ပြောချင်သူများအတွက် ပြောနေခြင်းများဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြောသည့်အတိုင်း နိုင်ငံတကာနှင့် မိတ်ဝတ်မပျက်ဆက်ဆံလျက်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာတွင် ဘက်မလိုက် တရားမျှတပြီး လွတ်လပ်သည့်နိုင်ငံခြားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

၃၅။ **သတင်းထောက် ဦးသွင်ထူးအောင်**က စီးပွားရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ တာဝန်ယူနေသည့်ကာလအတွင်း၌ နိုင်ငံခြားကုန်သွယ်မှုများ တုံ့ဆိုင်းနေကြောင်း ကုန်သွယ်ရေးလုပ်ငန်း အသိုင်းအဝိုင်းအချို့က ပြောဆိုနေသည်များရှိကြောင်း၊ ပြည်ပကုန်သွယ်ရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်နေသည့် အခြေအနေကို သိလိုပါကြောင်း မေးမြန်းသည်။

**ပုံမှန်လုပ်ငန်း လည်ပတ်ဆောင်ရွက်**

၃၆။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ကုန်သွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး စာရင်းဇယားများအရ ပြောမည်ဖြစ်ပါကြောင်း၊ လက်တွေ့အနေဖြင့် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်တွင် ကုန်ကားများ သွားလာနေသည်ကို လက်တွေ့ကြည့်၍ရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လ နှစ်လတာကာလ ယာယီစာရင်းများအနေဖြင့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၇၄ သန်း ဖြစ်ပါကြောင်း၊ သွင်းကုန်တန်ဖိုး ၁၇၇၂ သန်းဖြစ်ပါကြောင်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၅၄၆ သန်းဖြစ်ပြီး ကုန်သွယ်မှုပိုငွေ ဒေါ်လာ နှစ်သန်းကျော်ရှိပါကြောင်း၊ ယခုကာလအများအားဖြင့် သိသာသည့် နယ်စပ်စခန်းများ၏ ကုန်သွယ်မှုနှင့်ပြောလိုသည်မှာ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုအနေဖြင့် ဖေဖော်ဝါရီလနှင့် မတ်လ နှစ်လတာကာလအတွင်းတွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၄၃၈ သန်းခန့်ရှိပြီး သွင်းကုန် အမေရိကန်ဒေါ်လာ ၁၇၁ သန်းရှိပါကြောင်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆၀၉ သန်း ဖြစ်ကြောင်း၊ စုစုပေါင်း မူဆယ်စခန်းမှ ၆၅ ရာခိုင်နှုန်း၊ လွယ်ကျယ်မှ ခြောက်ရာခိုင်နှုန်း၊ ချင်းရွှေဟော်မှ ၁၈ ရာခိုင်နှုန်း၊ ကန်ပိုက်တီးမှ ၁၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ထိုင်းနှင့် ကုန်သွယ်မှုအခြေအနေအနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ ၃၅၂ သန်းဖြစ်ပြီး သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၄ သန်း ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၅၂ သန်းဖြစ်ပြီး စခန်းများအနေဖြင့် တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ ထီးခီးနှင့် မောတောင် စခန်းများဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ လာအိုတွင် ယခု နှစ်လတာကာလအတွင်း ဘင်္ဂလားဒေ့ရှ်တွင် ပို့ကုန်တင်ပို့နိုင်မှုမရှိဘဲ သွင်းကုန်ဒေါ်လာ ငါးသန်း စစ်တွေစခန်းမှ ဆောင်ရွက်ခဲ့ပါကြောင်း၊ အိန္ဒိယဘက်တွင် တမူးစခန်းမှ ပို့ကုန် ခုနစ်သန်းဖြစ်ပြီး သွင်းကုန်ဆောင်ရွက်နိုင်မှု မရှိပါကြောင်း၊ မြိတ်စခန်းမှ ပို့ကုန်ဒေါ်လာ ၃၄ သန်းနှင့် သွင်းကုန် ဒေါ်လာ သုည ဒသမ ၁၇ သန်းရှိပါကြောင်း၊ လာအိုဘက်တွင် ကျိုက်လတ်စခန်းမှ ကုန်သွယ်မှု ဆောင်ရွက်နိုင်မှု များများစားစား မရှိပါကြောင်း၊ မိမိတို့၏ စီးပွားရေးလုပ်ငန်းများ ကုန်သွယ်မှုလုပ်ငန်းများသည် ယခင်ကထက် လျော့နည်းနိုင်သော်လည်း ပုံမှန်လုပ်ငန်း လည်ပတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

၃၇။ **သတင်းထောက် ဦးသွင်ထူးအောင်**က အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ဆရာ ဆရာမများကို မွမ်းမံသင်တန်းများပေးနေသည်ကို သိရပါကြောင်း၊ မွမ်းမံသင်တန်းတက်ရောက်နေသည့် အခြေခံပညာက ဆရာ ဆရာမ ရာခိုင်နှုန်း မည်မျှရှိသည်၊ ထိရောက်မှုရှိ/ မရှိ၊ သင်တန်းဖွင့်သည့်အချိန် မည်သို့အခက်အခဲများရှိသည်ကို သိလိုပါကြောင်း၊ ကျောင်းများဖွင့်ရန်အတွက် စီစဉ်နေသည့်အခြေအနေ၊ ဘာများစီစဉ်ထားသလဲ သိလိုကြောင်း မေးမြန်းသည်။

**၅၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းအထက်တွင်ရှိ**

၃၈။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယခုမေးခွန်းကို မိမိဖြေနိုင်သလောက် ဖြေပေးမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ဖြည့်စွက်ဖြေကြားသွားမည် ဖြစ်ပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌအနေဖြင့် ကျောင်းများ ဖွင့်လှစ်လိုသည့်ရည်ရွယ်ချက်သည် တစ်ခုသာရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာလတွင် ကျောင်းများပိတ်ခဲ့ရပါကြောင်း၊ ကျောင်းသားကျောင်းသူများနှင့် မိဘများ နစ်နာပါကြောင်း၊ ထို့ကြောင့် ကျောင်းများဖွင့်လိုခြင်းဖြစ်ပြီး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ကျောင်းများဖွင့်ရန်အတွက် မွမ်းမံသင်တန်းများ ခေါ်ခြင်းဖြစ်ကြောင်း၊ မွမ်းမံသင်တန်းများခေါ်ချိန်တွင် စိတ်မကောင်းဖွယ်တွေ့ရသည်မှာ CDM လုပ်သူများသည် ဆရာ ဆရာမများကို ဝိုင်းဝန်းပြီး ဖိအားပေးခြင်းများ ဆောင်ရွက်သည်ကို တွေ့ရပါကြောင်း၊ မကြားဝံ့မနာသာများ တွေ့ရပါကြောင်း၊ မြန်မာလူမှုအစဉ်အလာတွင် မရှိခဲ့ဖူးသည်များ တွေ့ရပါကြောင်း၊ မိမိတို့မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသည့် အစဉ်အလာ၊ လေးစားဖွယ်ကောင်းသည့် အစဉ်အလာထဲတွင် အာစရိယဆရာသမားဆိုသည်မှာ အနန္တောအနန္တငါးပါးနှင့် တစ်ဂိုဏ်းတည်းထားပြီး ဆောင်ရွက်ခဲ့သည့် လူမျိုးများဖြစ်ကြောင်း၊ သင်ကြားပေးနေသည့် ဆရာ ဆရာမများကို တပည့်များကစပြီး စော်ကားနေသည့်ပုံစံကို တွေ့ရပါကြောင်း၊ ယဉ်ကျေးမှုအနန္တောအနန္တဂိုဏ်းဝင်ဟု ထွတ်ထွတ်မြတ်မြတ်ထားသည့် နိုင်ငံမျိုး ရှားပါကြောင်း၊ အတွေ့အကြုံအရ သင်ကြားပေးသူ၊ သင်ယူသူများရှိပြီး သူ့တာဝန်နှင့်သူ လုပ်ကြသည့် ပုံစံမျိုးသာဖြစ်ကြောင်း၊ အဆိုပါပုံစံမျိုး မဟုတ်ဘဲ မိမိတို့အနေဖြင့် သင်ကြားပေးသည့်ဆရာကို အထူးအလေးအနက်ထားပြီး လုပ်ခဲ့ကြပါကြောင်း၊ မြန်မာစကားပုံတစ်ခု ပြောလိုပါကြောင်း၊ မြန်မာများသည် တစ်လုတ်စားဖူး သူ့ကျေးဇူးဟု ပြောကြပြီး ဆရာ ဆရာမများ ပညာသင်ကြားပေးသည်မှာ တစ်လုတ်မကပါကြောင်း၊ တစ်သက်လုံး ထမင်းစားနိုင်ရန် ပညာသင်ကြားပေးပါကြောင်း၊ မြန်မာများသည် တစ်လုတ်စားဖူး သူ့ကျေးဇူးကို တန်ဖိုးထားမည်ဆိုလျှင် တစ်သက်လုံး ထမင်းစားနိုင်ရန် ပညာသင်ကြားပေးနေသည့် ဆရာ ဆရာမများကို ဘာကြောင့်စော်ကားနေရသလဲဟု မေးမြန်းလိုကြောင်း၊ ယဉ်ကျေးမှုအချို့သည် စကားပုံအဖြစ်သာ ကျန်ခဲ့ရန်မကောင်းသည့် ယဉ်ကျေးမှု၊ ကြားကောင်းအောင်ပြောနိုင်သည့် ယဉ်ကျေးမှု မဖြစ်ရန် အရေးကြီးပါကြောင်း၊ ဘာအခက်အခဲရှိသလဲ ဆိုလျှင် အဆိုပါအခက်အခဲများရှိပါကြောင်း၊ ကိုယ်ထိလက်ရောက်မှုများရှိကြောင်း၊ မီးရှို့ခံရသည့် ကျောင်းများ၊ ရုံးများစာရင်းများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ပညာရေးမှူးရုံး၊ ကလေးခရိုင်ပညာရေးမှူးရုံး၊ ရေဦးပညာရေးမှူးရုံး၊ မြင်းခြံမြို့နယ် အထက(၄)၊ မွန်ပြည်နယ်၊ ရေးမြို့နယ် ပညာရေးမှူးရုံး၊ ဖယ်ခုံမြို့နယ် ပညာရေးမှူးရုံးများ မွမ်းမံသင်တန်းလုပ်သည်ဟူ၍ မီးရှို့ခံခဲ့ရပါကြောင်း၊ ဘာများအဓိပ္ပာယ်ရှိလဲဟု မေးမြန်းလိုပါကြောင်း၊ ၎င်းတို့ကို ပညာသင်ကြားပေးမည့်သူများဖြစ်ပြီး ဆရာ ဆရာမများကိုလည်း မိမိပြောလိုသည်မှာ တာဝန်ကျေပွန်စွာ တက်ရောက်နေသည့် ဆရာ ဆရာမများရှိပါကြောင်း၊ ၅၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းအထက်တွင်ရှိသည်ဟု သိရပါကြောင်း၊ အချို့ဆရာ ဆရာမများ မလာနိုင်သည်မှာလည်း အခက်အခဲမျိုးစုံကြောင့် ဖြစ်ပါကြောင်း၊ ဝိုင်းဝန်းတိုက်ခိုက်ခြင်းမျိုး၊ တပည့်များကစပြီး တိုက်ခိုက်ခြင်းမျိုးများကြောင့် မလာခြင်းမျိုးဖြစ်ပါကြောင်း၊ သို့သော် မိမိတို့ ပြည့်ပြည့်ဝဝ အောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အခြေခံပညာသည် Teaching သင်ကြားပေးရမည်ဖြစ်ပြီး တက္ကသိုလ်ကဲ့သို့ Studying လုပ်သည့်လိုင်း မဟုတ်ပါကြောင်း၊ ထို့ကြောင့် Teacher ဟုခေါ်ခြင်းဖြစ်ကြောင်း၊ မိမိတို့သည် သင်ကြားပေးမည့်သူမရှိလျှင် မိမိကိုယ်တိုင်မိမိ လေ့လာ၍ မရပါကြောင်း၊ လေ့လာ၍မရသည့် အသိုင်းအဝိုင်းဖြစ်ကြောင်း၊ ထို့ကြောင့် တန်ဖိုးထားရမည့်အသိုင်းအဝိုင်း ဖြစ်ပါကြောင်း၊ တက်ရောက်နေသည့် ဆရာ ဆရာမများကိုလည်း အထူးကျေးဇူးတင် လေးစားပါကြောင်း၊ တပည့်များ ပညာသင်ကြားမှုနှင့် ပတ်သက်ပြီး အလေးထားကာ ဆောင်ရွက်နေသည့် ဆရာ ဆရာမများ၊ သင်တန်းတက်နေသည့် ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုယ်စား အထူးကျေးဇူးတင်ပါကြောင်း အကြံပြုပြောကြားသည်။

၃၉။ ပညာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖြည့်စွက်ဖြေကြားရာတွင် ကျောင်းများဖွင့်လှစ်ရန်အစီအစဉ်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအစီအစဉ်နှင့် ဆက်လက်ဖွင့်လှစ်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွင့်လှစ်နိုင်ရန်လည်း ပြင်ဆင်ထားပါကြောင်း၊ တက်ရောက်သည့်ရာနှုန်းလည်း မှန်ကန်ပါကြောင်း၊ ဆရာ ဆရာမသင်တန်းများတွင် ၅၀ ရာခိုင်နှုန်းကျော် တက်ရောက်ပါကြောင်း၊ ဒေသအခက်အခဲများ၊ ဆရာ ဆရာမများသည် ကျောင်းရက်ရှည်ပိတ်ထားသည့်အတွက် သင်တန်းတည်နေရာကို ပြန်လာရန် မလွယ်ကူခြင်းများ ရှိပါကြောင်း၊ ကျန်သည်များလည်း တော်တော်များများ အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ကုန်သွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး စာရင်းဇယားများအရ ပြောမည်ဖြစ်ပါကြောင်း၊ လက်တွေ့အနေဖြင့် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်တွင် ကုန်ကားများ သွားလာနေသည်ကို လက်တွေ့ကြည့်၍ ရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လ နှစ်လတာကာလ ယာယီစာရင်းများအနေဖြင့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၇၄ သန်း ဖြစ်ပါကြောင်း၊ သွင်းကုန်တန်ဖိုး ၁၇၇၂ သန်းဖြစ်ပါကြောင်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၅၄၆ သန်းဖြစ်ပြီး ကုန်သွယ်မှုပိုငွေ ဒေါ်လာနှစ်သန်းကျော်ရှိ။**

(ဆက်လက်ဖော်ပြပါမည်)

# ရန်ကုန်မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိ



**ရန်ကုန် ဧပြီ ၁၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေစီးရေလာစီမံခန့်ခွဲမှုဌာနမှ တာဝန်ခံများ၊ လုပ်သားကြီးများက ရန်ကုန်မြို့တော်အတွင်း ရေစီးမြောင်းများအား ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ ရေစီးရေလာစီမံခန့်ခွဲမှုဌာန ဌာနမှူးက ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် လသာမြို့နယ် ကမ်းနားလမ်း (တောင်ခြမ်း) ၁၉ လမ်းထိပ်မှ လသာလမ်းထိပ်ထိ မြောင်းရှင်းခြင်း၊ လှိုင်သာယာမြို့နယ် အင်းဂလိုင်ချောင်း၊ စူလတန်ချောင်းတို့မှ လှိုင်မြစ်သို့ စီးဝင်သည့် ညောင်တုန်းလမ်းဖြတ် Culvert ရှင်းလင်းခြင်း ဆောင်ရွက်ခဲ့သဖြင့် ရေစီးရေလာ ကောင်းမွန်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


■ စာမျက်နှာ ၂၂ မှ




ဒေါက်တာမီမီစိန်တိုး(နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀) ကုသသည့် "သစ္စာ"ဆေးကုခန်းနှင့် ဆေးဆိုင်အား တွေ့ရစဉ်။



ဒေါက်တာမီမီစိန်တိုး



ဒေါက်တာ ဆွေဆွေလှိုင်နှင့် ဒေါက်တာဝါဝါမင်း (ဗန်းမော်မြို့ ပြည်သူ့ဆေးရုံ ခုတင် - ၂၀၀) တို့အား ဆေးကုသခွင့်ပေးထားသည့် "သင်းသုခ" ဆေးရုံအား တွေ့ရစဉ်။

• • • • • • • • • • •



ဒေါက်တာဆွေဆွေလှိုင်နှင့် ဒေါက်တာဝါဝါမင်း

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။ **သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဧပြီ ၁၃**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

ထိုသို့ဖော်ထုတ်ဖမ်းဆီးရာတွင် ဧပြီ ၁၂ ရက် ည ၁၁ နာရီတွင် မင်းလှမြို့နယ် ရေနံမကျေးရွာနေ ထွန်းမင်းဦး(ခ) ငပိန် (၃၂)နှစ် (ဘ) ဦးစံခင်၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ထွန်းမင်းဦး (ခ) ငပိန်ကို နေအိမ်တွင် အသင့်တွေ့ရှိရပြီး ၎င်းနေအိမ်ခြံဝင်းအတွင်းမှ လက်လုပ်သေနတ် နှစ်လက်၊ သံဘောစေ့ ၂၀ နှင့် လေထိုးတံ နှစ်ချောင်းတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယနေ့နံနက် ၈ နာရီခွဲတွင် မတ္တရာမြို့နယ် လမိုင်းကျေးရွာနေ မျိုးကျော်သူ (၂၃)နှစ် (ဘ) ဦးချစ်တင်၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ မျိုးကျော်သူအား မတွေ့ရှိရဘဲ ၎င်းနေအိမ်အတွင်းမှ လက်လုပ်သေနတ် ၂၃ လက်၊ လေးခွ နှစ်လက်၊ ဓား နှစ်ချောင်း၊ စတီးပိုက် ငါးချောင်း၊ လှံ တစ်ချောင်း၊ သံတုတ် တစ်ချောင်း၊ ဂက်စ်အိုး သုံးလုံး၊ ဖန်ဂေါ်လီ ၁၅၀၀ နှင့် အခြားဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဓနုဖြူမြို့နယ် ရွှေတွင်းကုန်းကျေးရွာအနီး ရန်ကုန်-ဟင်္သာတ ကားလမ်းရှိ ဓနုဖြူမြို့ဝင် တိုးဂိတ်၌ ယာဉ်စစ်ဆေးခြင်းဆောင်ရွက်နေစဉ် ရန်ကုန်မြို့မှ ဟင်္သာတမြို့ဘက်သို့ ကြံခင်းမြို့နယ် ရွှေတောင်စုရပ်ကွက်နေ ဇော်မျိုးထက်(ခ)ကိုမျိုး (၄၆)နှစ် (ဘ) ဦးလှတင်မောင်းနှင်ပြီး မြို့မရပ်ကွက်နေ စိုးမင်းဟန် (၄၉)နှစ် (ဘ) ဦးချစ်လှ ယာဉ်အကူအဖြစ်လိုက်ပါလာသော AYY 1M-7040 "ရွှေတော်ဝင်" ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တင်ဆောင်လာသော ပစ္စည်းများအနက် "စိုးမိုး ဟင်္သာတ ၀၉-၇၇၆၂၁၆၂၂၀ မဖိရ" စာသားပါ ကတ်ထူပုံးအား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ကတ်ထူပုံးအတွင်းမှ စတီးဘောလုံး ၁၆ လုံး၊ ယမ်းမှုန့်ထည့်ပြီး စနက်တံတပ်ဆင်ထားသော စတီးဘောလုံး သုံးလုံး၊ လက်လုပ်ဗုံး တစ်လုံး၊ စနက်တံချည်ကြိုး ၁၆ ခု၊ ယမ်းထုပ် ရှစ်ထုပ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် စစ်မေးခဲ့ရာ အဆိုပါ ကတ်ထူပုံးအား လှိုင်သာယာမြို့နယ်ရှိ "ဒဂုံရော"အဝေးပြေးကားဝင်းရှိကားဂိတ်သို့ AA-5670 အငှားယာဉ်မောင်းနိုင်ဝင်းဆိုသူက လာရောက်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများကို ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မတ္တရာမြို့နယ် လမိုင်းကျေးရွာနေ မျိုးကျော်သူ၏ နေအိမ်မှ သိမ်းဆည်းရမိသည့် ပစ္စည်းများ။

# တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် ဧပြီ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်များအတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ဧပြီ ၁၂ ရက်နှင့် ယနေ့တို့တွင် တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။




ယင်းသို့ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ၁၈၈ လက်၊ လက်လုပ်သေနတ် ၁၂၆ လက်တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေး

**နေပြည်တော် ဧပြီ ၁၃**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။**
**နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**

# မေ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၉ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၃-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၂-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၃-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆၉၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၅၆,၀၀၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၆၀၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၇၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံ၊ မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ကျေးရွာတိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၀၀၃၈၅၇ | ၂၄၅၆၃၈၃၈ | ၅၇၆၄၆၆ |
| ၂။ | အိန္ဒိယ | ၁၃၇၁၄၄၁၉ | ၁၂၂၆၃၁၁၃ | ၁၇၁၂၀၅ |
| ၃။ | ဘရာဇီး | ၁၃၅၂၁၄၀၉ | ၁၁၉၅၇၀၆၈ | ၃၅၅၀၃၁ |
| ၄။ | ပြင်သစ် | ၅၀၆၇၂၁၆ | ၃၁၀၉၃၄ | ၉၉၁၃၅ |
| ၅။ | ရုရှား | ၄၆၅၇၈၈၃ | ၄၂၈၀၇၇၆ | ၁၀၃၆၀၁ |
| ၆။ | ဗြိတိန် | ၄၃၇၃၃၄၃ | ၃၉၈၁၈၁၂ | ၁၂၇၁၀၀ |
| ၇။ | တူရကီ | ၃၉၀၃၅၇၃ | ၃၃၇၂၆၂၉ | ၃၄၁၈၂ |
| ၈။ | အီတလီ | ၃၇၇၉၅၉၄ | ၃၁၄၀၅၆၅ | ၁၁၄၆၁၂ |
| ၉။ | စပိန် | ၃၃၇၀၂၅၆ | ၃၁၁၁၀၂၆ | ၇၆၅၂၅ |
| ၁၀။ | ဂျာမနီ | ၃၀၃၀၅၅၂ | ၂၇၀၀၂၀၀ | ၇၉၄၀၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၅၇၇၅၂၆ | ၁၄၂၆၁၄၅ | ၄၂၇၈၂ |
| ၂။ | ဖိလစ်ပိုင် | ၈၈၄၇၈၃ | ၇၀၃၉၆၃ | ၁၅၂၈၆ |
| ၃။ | မလေးရှား | ၃၆၃၉၄၀ | ၃၄၆၂၉၅ | ၁၃၄၅ |
| ၄။ | မြန်မာ | ၁၄၂၆၀၅ | ၁၃၁၈၇၄ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၆၉၂ | ၆၀၃၅၇ | ၃၀ |
| ၆။ | ထိုင်း | ၃၄၅၇၅ | ၂၈၂၈၈ | ၉၇ |
| ၇။ | ကမ္ဘောဒီးယား | ၄၆၉၆ | ၂၂၅၂ | ၃၃ |
| ၈။ | ဗီယက်နမ် | ၂၇၁၄ | ၂၄၄၅ | ၃၅ |
| ၉။ | ဘရူနိုင်း | ၂၁၉ | ၂၀၆ | ၃ |
| ၁၀။ | လာအို | ၅၂ | ၄၉ | ၀ |

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ



**နေပြည်တော် မေ ၁၃**

တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၃၈၅၃၀ ဦး၊ အတွင်းလူနာ ၄၀၁၆ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၆၅၀၉ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၃၉၆ ဦး စုစုပေါင်း ၉၉၀၅ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၄၂၄ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၁၈၆ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၈၆၁၀ ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၇)ရပ်ကွက် အောင်မေတ္တာလမ်းနေ မဝင်းသန္တာဆွေအား သတ်ဖြတ်ခဲ့သူများနှင့် ပါဝင်ပတ်သက်သူများအား ပြစ်ဒဏ်အသီးသီး ချမှတ်

**နေပြည်တော် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၇) ရက်ကွက် အောင်မေတ္တာလမ်းနေ မဝင်းသန္တာဆွေအား မတ် ၁၅ ရက်တွင် လှမျိုးအောင်(ခ) ကိုမျိုး(ခ)ဝက်ကြီး(ဘ)ဦးမြင့်လှိုင်၊ အောင်သူရဇော်(ခ)ကတုံး(ခ)သူရ(ဘ)ဦးအောင်ဇော်ဦး၊ အညာသား(ခ)မျိုးဇော်ထက်(ဘ)ဦးဝင်းခိုင်နှင့် မင်းခန့်(ခ)နှင်းကိုကို(ဘ)ဦးသောင်းတင်တို့က အရိုး/အသွား ကိုးလက်မခန့်ရှိ ဓားဦးချွန်ဖြင့် ထိုးခဲ့သဖြင့် အဆိုပါ မဝင်းသန္တာဆွေတွင် လေးစင်တီမီတာခန့်အနက်ရှိ ယာရင်အုံထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ၁၂ စင်တီမီတာခန့်အနက်ရှိ ဝဲရင်အုံထိုးသွင်းဒဏ်ရာ လေးချက်၊ ၁၂ စင်တီမီတာ ဝဲခါးစောင်း ထိုးသွင်းဒဏ်ရာများရရှိခဲ့ပြီး ဝဲရင်အုံထိုးသွင်းဒဏ်ရာမှာ အဆုတ်အထိရောက်ပြီး ရင်ခေါင်းအတွင်း သွေးယို၍ သေဆုံးခဲ့ခြင်းဖြင့် တစ်ဦးထက်ပိုသောသူများက အကြံတူ တစ်ခုကို အထမြောက်စေရန် ပြုလုပ်ခဲ့သည့်ပြစ်မှုကို ကျူးလွန်ခဲ့သည်။

**စစ်ခုံရုံးဖွဲ့၍စစ်ဆေး**

ယင်းအတွက် စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ-၃၀၂ (၁)(ခ)/၃၄ အရ မေ ၁၂ ရက်တွင် " သေဒဏ် "အမိန့်ကို လည်းကောင်း၊ တင်ထွန်းအောင်(ခ) မိုးလျှံ(ဘ)ဦးထွန်းဆန်း၊ ဒေါ်မြင့်မြင့်အေး(ဘ)ဦးငွေငြိမ်းနှင့် ဒေါ်တင်တင်အေး(ဘ)ဦးငွေငြိမ်းတို့သည် မဝင်းသန္တာဆွေအား မတ် ၁၅ ရက်တွင် လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီးနှင့် အောင်သူရဇော်(ခ)ကတုံး(ခ) သူရတို့က အရိုး/ အသွား ကိုးလက်မခန့်ရှိ ဓားဦးချွန်ဖြင့် ထိုးခဲ့သဖြင့် သေဆုံးမှုဖြစ်စဉ်တွင် မဝင်းသန္တာဆွေအား သူလျှို ဒလန်၊ သတင်းပေးဟု စွပ်စွဲကာ သောင်ကြီး ဘုန်းကြီးကျောင်းသို့ ခေါ်ယူစစ်ဆေးမေးမြန်းခြင်း၊ မဝင်းသန္တာဆွေ၏ နေအိမ်အား အပြင်ဘက်မှသော့ပိတ်ကာ သော့နှင့် လက်ကိုင်ဖုန်းနှစ်လုံးအား သိမ်းဆည်းထားရှိခဲ့ခြင်း၊ လှမျိုးအောင်(ခ) ကိုမျိုး(ခ)ဝက်ကြီးက မဝင်းသန္တာဆွေအား ခေါ်ဆောင်သွားရန် သော့အား လာရောက်တောင်းယူစဉ် ပေးအပ်ခဲ့ခြင်းဖြင့် မဝင်းသန္တာဆွေအား သတ်ရန် အားပေးကူညီမှုကို ပြုလုပ်ခဲ့သည့် ပြစ်မှုကို ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ-၃၀၂ (၁)(ခ)/၁၀၉ အရ မေ ၁၂ ရက်တွင် " သေဒဏ် "အမိန့်ကို လည်းကောင်း။

စိုးကြီး(ခ)စိုးပိုင်(ဘ)ဦးလှစောသည် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ မတ် ၁၆ ရက် ည ၈ နာရီခန့်တွင် လှမျိုးအောင်(ခ) ကိုမျိုး(ခ)ဝက်ကြီးနှင့် မကြူကြူသင်းတို့အား လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၇)ရပ်ကွက် အောင်မေတ္တာလမ်းနေ မဝင်းသန္တာဆွေကို လူသတ်မှုကျူးလွန်ခဲ့သဖြင့် ဖမ်းဆီးစေရန် အမိန့်ထုတ်ပြန်ထားပြီး ထွက်ပြေးနေ သည်ကိုသိလျက်နှင့် ဖမ်းဆီးခြင်းမှ ကာကွယ်ရန်အကြံဖြင့် လက်သင့်ခံမှုကို ပြုလုပ်ခဲ့သည့် ပြစ်မှုကို ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ် ကြီး ပုဒ်မ-၂၁၆ အရ မေ ၁၂ ရက်တွင် " အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ် "အမိန့်ကို လည်းကောင်း။

မကြူကြူသင်း(ဘ) ဦးလှစောသည် မတ် ၁၅ ရက်တွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၇)ရပ်ကွက် အောင်မေတ္တာလမ်းနေ သေဆုံးသူ မဝင်းသန္တာဆွေ၏ လက်ရှိဖြစ်သည့် ရွှေရည် ၁၁ ပဲရည်၊ ရွှေအလေးချိန် ၅ ပဲ ၅ ရွေးခန့်ရှိ ကျောက်ဖြူပါ ခရုပတ်ပုံ ဆွဲသီး တစ်ခု၊ ရွှေရည် ၁၁ ပဲရည်၊ ရွှေအလေးချိန် ၅ ပဲ ၆ ရွေးခန့်ရှိ ကျောက်ဖြူပါ ကျူထရံကွက်ပုံ လက်စွပ်တစ်ကွင်းနှင့် ရွှေရည် ၁၄ ပဲရည်၊ ရွှေအလေးချိန် ၁၅ ပဲ ၁ ရွေးခန့်ရှိ ကျစ်ဆံမြီးပုံ ဆွဲကြိုးတစ်ကုံးတို့အား ဥပဒေနှင့်အညီ လက်ရှိဖြစ်သူ၏ လက်သို့ မရောက်မီသိလျက်နှင့် အလွဲသုံးစားမှုကို ပြုလုပ်ခဲ့မှုနှင့် မဝင်းသန္တာဆွေအား သူလျှို ဒလန်၊ သတင်းပေးဟုစွပ်စွဲကာ သံပုံးများတီး၍ မောင်းထုတ်ခဲ့ခြင်း၊ သောင်ကြီးဘုန်းကြီးကျောင်းသို့ ခေါ်ဆောင်ပြီး စစ်ဆေးမေးမြန်းခဲ့ခြင်းတို့ ပြုလုပ်ခဲ့ခြင်းဖြင့် အများ ပြည်သူကို ထိတ်လန့်စေမှုပြုလုပ်ခဲ့သည့် ပြစ်မှုကို ကျူးလွန်ခဲ့သည့် အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ- ၂၁၆ နှင့်ရာဇသတ်ကြီးပုဒ်မ- ၅၀၅က(က)တို့ဖြင့် မေ ၁၂ ရက် တွင် " အလုပ် နှင့်ထောင်ဒဏ် သုံးနှစ်" အမိန့်ကို လည်းကောင်း။

ဒေါ်နန်းခင်ခင်ဝင်း (ဘ)ဦးစံသိန်း၊ ဒေါ်မိုးသီတာ(ဘ)ဦးမြင့်သိန်း၊ မဝေဖြိုးစံ(ခ)မကုလားမ (ဘ)ဦးစံဝင်း၊ အောင်နိုင်ကို(ဘ) စိစစ်ဆဲ၊ ယဉ်ထွေး(ဘ)စိစစ်ဆဲ၊ ဒေါ်ခင်မာဋ္ဌေး(ဘ)စိစစ်ဆဲ၊ မပွင့် (ဘ)စိစစ်ဆဲ၊ မင်းမင်း(ခ)အောင်မင်းဦး (ဘ)ဦးအုန်းလွင်၊ မြင့်ဦး(ဘ)စိစစ်ဆဲ၊ သန့်ဇင်



တရားခံ ဝက်ကြီးနှင့်ဇနီး ကြူကြူသင်း



တရားခံ မိုးသီတာ၊ ဝေဖြိုးစံ(ခ)ကုလားမနှင့် နန်းခင်ခင်ဝင်း



တရားခံ လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီးနှင့် အောင်သူရဇော်(ခ)ကတုံး(ခ)သူရ



တရားခံ တင်ထွန်းအောင်နှင့် မြင့်မြင့်အေး

(ဘ)စိစစ်ဆဲ၊ လှရီ(ဘ)စိစစ်ဆဲ၊ ကြည်လွင်(ဘ)ဦးအောင်လှိုင်၊ ဂျပန်ကြီး (ခ) ထွန်းထွန်းအောင်(ခ)ဘိုထွန်း(ဘ)ဦးသန်းရွှေ၊ ဖိုးကျော်(ခ)ကျော်ကြီး (ခ)ကျော်ကျော်လတ် (ဘ)ဦးမောင်မြင့်၊ သန့်ဇော်ဦး(ခ)သက်ဇော်ဦး(ဘ) ဦးဝင်းလှိုင်နှင့် ဥက္ကာ(ဘ)စိစစ်ဆဲ တို့သည် မတ် ၁၄ ရက်တွင် မဝင်းသန္တာဆွေအား သူလျှို၊ ဒလန်၊ သတင်းပေးဟု စွပ်စွဲကာ သံပုံးများတီး၍ မောင်းထုတ်ခဲ့ခြင်း၊ သောင်ကြီးဘုန်းကြီးကျောင်းသို့ ခေါ်ဆောင်ပြီး စစ်ဆေးမေးမြန်းခဲ့ခြင်းတို့ ပြုလုပ်ခဲ့ခြင်းဖြင့် အများပြည်သူကို ထိတ်လန့်စေမှုကို ပြုလုပ်ခဲ့ သည့်ပြစ်မှုကို ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ-၅၀၅က (က)တို့ဖြင့် မေ ၁၂ ရက်တွင် "အလုပ်နှင့်ထောင်ဒဏ် သုံးနှစ် "အမိန့်ကို လည်းကောင်း အသီးသီး ချမှတ်လိုက်သည်။

**ဖမ်းဝရမ်းထုတ်ဆင့်**

အဆိုပါပြစ်ဒဏ်ချမှတ်ခံရသူ ၂၆ ဦးအနက် အညာသား(ခ)မျိုးဇော်ထက်(ဘ) ဦးဝင်းခိုင်၊ မင်းခန့်(ခ)နှင်းကိုကို(ဘ)ဦးသောင်းတင်၊ ဒေါ်တင်တင်အေး(ဘ)ဦးငွေငြိမ်း၊ ဖိုးသဲ(ဘ)စိစစ်ဆဲ၊ အောင်နိုင်ကို(ဘ) စိစစ်ဆဲ၊ ယဉ်ထွေး(ဘ)စိစစ်ဆဲ၊ ဒေါ်ခင်မာဋ္ဌေး (ဘ)စိစစ်ဆဲ၊ မပွင့်(ဘ) စိစစ်ဆဲ၊ မင်းမင်း(ခ)အောင်မင်းဦး(ဘ)ဦးအုန်းလွင်၊ မြင့်ဦး (ဘ)စိစစ်ဆဲ၊ သန့်ဇင်(ဘ)စိစစ်ဆဲ၊ လှရီ(ဘ)စိစစ်ဆဲ၊ ကြည်လွင်(ဘ)ဦးအောင်လှိုင်၊ ဂျပန်ကြီး(ခ)ထွန်းထွန်းအောင်(ခ)ဘိုထွန်း(ဘ)ဦးသန်းရွှေ၊ ဖိုးကျော်(ခ) ကျော်ကြီး(ခ) ကျော်ကျော်လတ်(ဘ)ဦးမောင်မြင့်၊ သန့်ဇော်ဦး(ခ) သက်ဇော်ဦး(ဘ)ဦးဝင်းလှိုင်နှင့် ဥက္ကာ(ဘ)စိစစ်ဆဲတို့သည် ထွက်ပြေး လွတ်မြောက်နေသဖြင့် ၎င်းတို့နှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင်



တရားခံ စိုးကြီး(ခ)စိုးပိုင်

အထည်ချုပ်စက်ရုံများ၊ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများကို မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှု မဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် ( Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန် ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကို လည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါ ပြစ်မှုများကို ဖောက်ဖျက် ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိ ရောက်ရောက် မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်အပေါ် အခွင့်ကောင်းယူကာ အကြမ်းဖက်အဖွဲ့များ၏ နည်းလမ်းများအတိုင်း အဖျက်အမှောင့်လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်

**နေပြည်တော် မေ ၁၃**

ဆူပူအကြမ်းဖက်သူ လူစုလူဝေးများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များအား တစ်နေ့ထက်တစ်နေ့ ပိုမိုလုပ်ဆောင်လာနေကြပြီး ယနေ့တွင်လည်း တိုင်းဒေသကြီး/ပြည်နယ်များ၌ မြို့နယ်အချို့ရှိ နိုင်ငံတော်ပိုင်၊ အများပြည်သူပိုင် အဆောက်အအုံများကို လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့ရာတွင် ယနေ့နံနက် ၄ နာရီတွင် မော်လမြိုင်မြို့ ရိုးဂိုးကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေး အဖွဲ့ရုံးအား အကြမ်းဖက်သူအင်အား (စိစစ်ဆဲ)မှ အဆိုပါရုံးအတွင်း ဝင်ရောက်မီးရှို့ခဲ့၍ မီးလောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ရုံးနှင့် ရုံးအတွင်းရှိ ဗီရိုသုံးလုံး၊ စားပွဲနှစ်လုံး၊ သစ်သားခုံရှည်နှစ်လုံး၊ ကုလားထိုင်သုံးလုံးနှင့် ရုံးသုံးစာရွက်စာတမ်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။




အလားတူ နံနက် ၄ နာရီ ၅ မိနစ်တွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀) ရပ်ကွက် ဇေယျာလမ်းနှင့် ရန်ရှင်းလမ်းထောင့်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ဝင်ပေါက်တံခါးအနီး လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲထားပြီး ပေါက်ကွဲမှုကြောင့် ရုံးတံခါးတစ်ချပ်နှင့် မျက်နှာစာရှိ မျက်နှာကြက်ကျောက်ပြားများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့အတူ နံနက် ၆ နာရီတွင် မုံရွာမြို့ မုံရွာတက္ကသိုလ်တွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အခြေပြုနေသည့် တက္ကသိုလ်ဝင်ပေါက်ရှေ့သို့ ဆွမ်းအုပ်အဝိုင်းဘက်မှ အကြမ်းဖက်သူအမျိုးသားသုံးဦး(စိစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးရောက်ရှိလာပြီး လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ပေါက်မောင်းနှင်ထွက်ပြေးသွားခဲ့ရာ အဆိုပါလက်လုပ်မိုင်းမှာ တက္ကသိုလ်ဝင်ပေါက်ရှေ့ ကျောက္ကာလမ်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လူ၊ အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ နံနက် ၁၀ နာရီခွဲတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းလမ်းဆုံမှ ဗားကရာလမ်းဘက်သို့အကွေ့လမ်းလယ်ကျွန်းမြက်ခင်းပေါ်တွင် မသင်္ကာဖွယ် အထုပ်တစ်ထုပ် တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဒေသန္တရ လက်လုပ်ဗုံးတစ်လုံးဖြစ်ကြောင်း တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ လက်လုပ်ဗုံးကို အသက်မဲ့ပြုလုပ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ထို့အတူ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် တောင်သာမြို့ အမှတ်(၃)ရပ်ကွက်ရှိ မြို့နယ်ကျေးလက်ဦးစီးဌာနမှူးရုံးအား အကြမ်းဖက်သူ အမျိုးသားနှစ်ဦး(စိစစ်ဆဲ) က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်အသံမိုင်း တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါ လက်လုပ်အသံမိုင်းမှာ ကျေးလက်ဦးစီးဌာနမှူးရုံးဝင်းအတွင်းရှိ ကျောက်သပြေပင်အနီး ကျရောက်ပေါက်ကွဲခဲ့ပြီး လူ၊ အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် သမိုင်းလမ်းဆုံ CITY MART အောက်ရှိ KBZ ATM ငွေထုတ်စက်အနီး ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ချိန်ကိုက်စနစ်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်ဗုံးတစ်လုံးပေါက်ကွဲခြင်းဖြစ်ပြီး အဆိုပါပေါက်ကွဲမှုကြောင့် လူ၊ အဆောက်အအုံ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

ထို့အတူ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် အောင်မြေသာစံမြို့နယ် ၈၄ လမ်းနှင့် ၂၆ လမ်းထောင့်ရှိ အင်းဝဘဏ်သို့ ၂၆ လမ်းအတိုင်း အကြမ်းဖက်သူ အမျိုးသားနှစ်ဦး (စိစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးမှ လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ပေါက်၍ မောင်းနှင်ထွက်ပြေးသွားခဲ့ရာ အဆိုပါလက်လုပ်မိုင်းမှာ အင်းဝဘဏ်ရှေ့ ဝဲဘက်ရှိပလက်ဖောင်းဘေးသို့ ကျရောက်ခဲ့ပြီး ပေါက်ကွဲမှုမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းဆည်းပြီး အသက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များအတွင်း အကြမ်းဖက်မှုလုပ်ရပ်ကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စုံစမ်းစစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၃**

ဆူပူအကြမ်းဖက်မှုကို လိုလားပြီး နိုင်ငံ၏အုပ်ချုပ်မှုယန္တရားပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြဝတီရပ်ကွက်နေ မပြည့်ဖြိုးသူ(ဘ)ဦးဖေသန်းသည် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန် လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများ ဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်ခြင်းများပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်သွားလာမှုများအား လူမှုကွန်ရက်စာမျက်နှာပေါ်သို့ တင်ခြင်းများဆောင်ရွက်ခဲ့သဖြင့် ၎င်းအားသက်ဆိုင်ရာရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် မေ ၉ ရက်တွင် အမှုဖွင့်လှစ်ထားရှိရာ မေ ၁၂ ရက်တွင် မုံရွာမြို့ မြတ်ရတနာဆိုင်၌ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။


မပြည့်ဖြိုးသူ


ငြိမ်းချမ်းဦး

အလားတူ မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့ မြစ်ငယ်မီးရထားစက်ရုံမှ လက်ထောက်အင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်နေသည့် ဦးငွေလင်း(ဘ) ဦးအောင်မြင့်သည် ၎င်းကိုယ်တိုင် CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းနှင့် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများအား လိုက်လံစည်းရုံးခြင်း၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် လှုံ့ဆော်စာများရေးသားခြင်း၊ CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းမရှိသည့် ဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် မြစ်သားမြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က(ဂ)ဖြင့် အမှုဖွင့်လှစ်ထားရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ၎င်းပုန်းရှောင်နေသည့် မြစ်သားမြို့နယ် ဥယျာဉ်တော်ကျေးရွာအုပ်စု သာယာအေးကျေးရွာ ကျောင်းသစ်ကျောင်း ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကြဲကျေးရွာအုပ်စု မီးလောင်ချောင်းကျေးရွာရှိ ပညာရေးဝန်ထမ်းတစ်ဦးဖြစ်သူ ငြိမ်းချမ်းဦး(ဘ)ဦးမြင့်ဝင်းသည် ၎င်း၏ Mg Nyein Chan Facebook Account ဖြင့် လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်သော သတင်းများ ရေးသား၍ CDM လှုပ်ရှားမှုတွင်ပါဝင်လာအောင် လှုံ့ဆော်ခြင်း၊ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်ခြင်း၊ တပ်မတော်သားများအပေါ် ဒေသခံပြည်သူများ အထင်အမြင်လွဲမှားအောင် မဟုတ်မမှန်ဝါဒဖြန့်၍ သွေးထိုးလှုံ့ဆော်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် မေ ၁၂ ရက်တွင် ၎င်း၏နေအိမ်၌ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ပုလောမြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းနယ်မြေရဲစခန်းအား လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူ (စိစစ်ဆဲ)အဖွဲ့မှ လာရောက်တိုက်ခိုက်

**နေပြည်တော် မေ ၁၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကင်မွန်းချောင်းနယ်မြေရဲစခန်းအား မေ ၁၂ ရက် ည ၈ နာရီခွဲတွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူ(စိစစ်ဆဲ) အင်အား ၃၀ ခန့်က ရဲစခန်း၏ အရှေ့ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက်တို့မှ ဖြန့်ခွဲ၍ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ရဲစခန်းမှူးဦးစီးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ပြီး ထိတွေ့မှုဖြစ်ပွားခဲ့ရာ ည ၉ နာရီ ၁၀ မိနစ်တွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ထိတွေ့မှုဖြစ်စဉ်အတွင်း တပ်ဖွဲ့ဝင်များနှင့် မိသားစုများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားသည့်နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထက်ကြပ်လိုက်လံပိတ်ဆို့၍ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ခေတ်သစ်နယ်ချဲ့ အလိုကျ ရှူးရှူးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေကြွေလွင့်ကြရမယ်။ မကောင်းမှုရှောင်ကာ ကောင်းမှုဆောင်နိုင်ကြပါစေ။ စိတ်ဖြူနှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။**



## ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဘားအံ မေ ၁၃**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၂၁) ကို မေ ၉ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးက မိုးရာသီတွင် ရုံးတိုင်း၊ အိမ်တိုင်း၌ သစ်ပင်များရှင်သန်အောင်စိုက်ပျိုးရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆက်တိုက်ထိုးနှံပေးသွားမည်ဖြစ်၍ သင်္ကြန်အပြီးတွင် ကာကွယ်ဆေးထိုးစုရပ်များ ဖွင့်လှစ်၍ မည်သူမဆို အကန့်အသတ်မရှိ လာရောက်ထိုးနှံနိုင်အောင် စီမံပေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်း ဆန်၊ ဆီ ဖူလုံရေး၊ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နေ့စားလပေး ဆရာ ဆရာမများ ခန့်ထားပေးနိုင်ရေးနှင့် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး အစီအမံများ ရေးဆွဲတင်ပြပေးစေလိုကြောင်း၊ စပါး၊ သတ္တုနှင့် သစ်တောထွက်ကုန်များကို ကုန်ကြမ်းအဖြစ် တင်ပို့ရောင်းချခြင်းကို ခွင့်မပြုဘဲ ကုန်ချောအဖြစ် ဆောင်ရွက်ပြီးစီးမှသာလျှင် တင်ပို့ကြစေကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ နေအိမ်လိုင်းခန်း လုံလောက်မှုရှိ မရှိ စာရင်းပြုစုတင်ပြပေးစေလိုကြောင်း၊ သင်္ကြန်ပွဲတော်တွင် မဏ္ဍပ်ဆောက်လုပ်ခြင်း၊ အလှပြယာဉ်များဖြင့်လှည့်လည်ခြင်းများအားဆောင်ရွက်ခွင့်မပြုဘဲ ကိုဗစ်စည်းကမ်းနှင့်အညီ ရေပက်ကစားကြရန်မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထပ်ဆင့်ဆွေးနွေးခဲ့ကြကာ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေး၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ဒေသဝမ်းစာဖူလုံစွာရရှိရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မေ ၁၀ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့မှ တိုင်းဒေသကြီးဦးစီးမှူးများက တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမြေဧကများအခြေအနေ၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးမှု၊ စိုက်ပျိုးနည်းပညာ ဖြန့်ဖြူးခြင်း၊ မိုးစပါး၊ နွေစပါးဧက ၁၃၃၀၀၀၀ ကျော် စိုက်ထားမှု၊ ဆည်ရေအပါအဝင် ရေရရှိရေးနည်းလမ်းများအသုံးပြုပြီး စိုက်ဧကတိုးအောင်ဆောင်ရွက်မည့် အစီအမံများ၊ ဝက်သားပေါက်၊ ကြက်သားပေါက်၊ အသားစားနွား၊ နို့စားနွားမွေးမြူရေးနှင့် ကာကွယ်ဆေးထိုးပေးနေမှု၊ ငါးမျိုးကောင်ရေ သိန်း ၂၆၀ ကျော်ကို လှော်ကား၊ လေးထောင့်ကန်၊ တွံတေးငါးမွေးမြူရေး စခန်းများတွင် သားဖောက်ပြီး မိုးဦးကျတွင် မြစ်၊ ချောင်း အင်းအိုင်များနှင့် ဆည်များအတွင်း ငါးမျိုးစိုက်ထည့်ရန် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက ပြည်ပနိုင်ငံများသို့ Export တင်ပို့နိုင်သော စပါးမျိုးရွေးချယ်စိုက်ပျိုးရန်လိုအပ်ကြောင်း၊ မွေးမြူရေး သင်တန်းကျောင်းများဖွင့်လှစ်ရန်နှင့် လယ်သမားများနှင့် အကျိုးတူ ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ လုပ်ငန်းများတိုးတက်ကောင်းမွန်အောင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဒေသဝမ်းစာဖူလုံစေရေးအတွက် စိုက်ဧကတိုးတက်ရေးဆောင်ရွက်ရန်၊ စိုက်ခင်းပြုပြင်ခြင်း၊ မြေဩဇာများစနစ်တကျသုံးစွဲခြင်း၊ ဆည်ရေမရနိုင်သောဒေသများတွင် ချောင်းပိတ်၊ မြောင်းပိတ်စနစ်ဖြင့် ရေရရှိစေရေးဆောင်ရွက်ကြရန်နှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ပြည်ပပို့ကုန်များ တင်ပို့ရောင်းချနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တာဝန်ရှိသူများအနေဖြင့် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



## ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများတွင် ဆိုလာပြားပါ ဆိုလာမီးအိမ်များ ထောက်ပံ့ပေးအပ်



**ပျဉ်းမနား မေ ၁၃**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် မေ ၁၂ ရက်က ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်းရှိ တောင်ပေါ်ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းညှိနှိုင်းဆွေးနွေးပြီး ဒေသခံပြည်သူများအား ဆိုလာပြားပါ ဆိုလာမီးအိမ်များ ပေးအပ်သည်။

နေပြည်တော်ကောင်စီဝင်က နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီသည် တာဝန်ယူသည့်အချိန်မှစ၍ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဆောင်ရွက်ရန် ကျန်ရှိနေသည့်လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နောက်ထပ်မိမိတို့ကျေးရွာတွင် လိုအပ်လျက်ရှိသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်း၊ ဒက္ခိဏခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးထွန်းလင်းဦး၊ ပျဉ်းမနားမြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးသိုက်ဝေဖြိုး၊ အဖွဲ့ဝင်ဗိုလ်မှူးဝေဖြိုးနိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနကထောက်ပံ့သည့် ဆိုလာပြားပါ ဆိုလာမီးအိမ် ၂၄၁ လုံးအား ဒေသခံပြည်သူများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တောင်ပေါ်ကျေးရွာများဖြစ်သည့် ဆိတ်ဖူးတောင်၊ အောင်ဘိတ်သိတ်၊ ဘို့မသံတောင်၊ ပြဒါးချောင်း၊ မြလင်း၊ မြသာ၊ မရမ်းတောင်(အထက်)၊ မရမ်း တောင်(အောက်) နှင့် ဖလောင်းကျေးရွာတို့ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများက မိမိတို့ကျေးရွာတွင် လိုအပ်လျက်ရှိသည့် ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြဆွေးနွေး ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## မျိုးကြက်ဥထုတ်လုပ်စက်ရုံတည်ဆောက်နေမှု ကြည့်ရှု

**ပဲခူး မေ ၁၃**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ မေ ၈ ရက် နံနက် ၁၁ နာရီက ပဲခူးမြို့နယ် ဘုရားကြီးမြို့ ရန်ကုန်-မန္တလေး အမြန်လမ်း ၃၅ မိုင် ၅ ဖာလုံအနီး ဘယ်ဂျီယံနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံနေသည့် Bel Ga Myanmar Co., Ltd ၏ မျိုးကြက်ဥထုတ်လုပ်သည့် စက်ရုံတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ Bel Ga Myanmar Co., Ltd ၏ Farm(2) တည်ဆောက်ရေး ရှင်းလင်းဆောင်၌ မန်နေဂျင်းဒါရိုက်တာ Mr. Ben Cliteur က Farm(1) စက်ရုံလည်ပတ်နေမှုအခြေအနေ၊ Farm(2) စက်ရုံတည်ဆောက်နေမှု အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ လျှပ်စစ်မီးရရှိရေးနှင့် ကုန်ထုတ်လမ်းလိုအပ်ချက်များ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မွေးမြူရေးလုပ်ငန်းဖြစ်၍ ဇီဝလုံခြုံရေးကို အထူးဂရုစိုက်စေလိုကြောင်း၊ ရေရှည်စက်ရုံလည်ပတ်နိုင်ရေးလိုအပ်သည့် လျှပ်စစ်မီး၊ ကုန်ထုတ်လမ်းများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး စက်ရုံတည်ဆောက်နေမှုကို ကြည့်ရှုအားပေးသည်။

Bel Ga Myanmar Co., Ltd သည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း ၃၁ မိုင်အနီး Farm(1) တွင် ကြက်ကောင်ရေ ၁၅၀၀၀၀ ဖြင့် တစ်ရက်လျှင် မျိုးကြက်ဥ တစ်သိန်းခန့် ထုတ်လုပ်လျက်ရှိရာ ထပ်မံ၍ ၃၅ မိုင် ၅ ဖာလုံတွင် Farm(2) အဖြစ် စက်ရုံထပ်မံတိုးချဲ့ ဆောက်လုပ်ခြင်းဖြစ်သည်။

**တင်စိုး(ပဲခူး)**




○ လင်ဂတ်မှ
လေးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒါကြောင့် ဝက်စ်ဟမ်းအသင်းက ကွင်းလယ်ကစားသမား လင်ဂတ်ကို အခုနှစ် ဘောလုံးရာသီကုန်မှာ အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ ဒါပေမယ့် အသက် ၂၈ နှစ်အရွယ် ကွင်းလယ်ကစားသမား လင်ဂတ်ကို ပြည်ပကလပ်အသင်း ခြောက်သင်းအပါအဝင် ပရီမီယာလိဂ်ကလပ်အသင်းတွေကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတာကြောင့် ဝက်စ်ဟမ်းအသင်းအတွက် အမြဲတမ်းစာချုပ်ချုပ်ဆိုဖို့ အခက်အခဲဖြစ်ပေါ်နေတယ်လို့ သိရပါတယ်။

ကွင်းလယ်ကစားသမား လင်ဂတ်ဟာ မန်ယူအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာလည်း တစ်နှစ်ကျန်ရှိနေသေးတာဖြစ်ပါတယ်။ ဒါ့ပြင် လင်ဂတ်အနေနဲ့ လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ပါဝင်ကစားခွင့်ရရှိရေး မျှော်လင့်ထားတာကြောင့် အနာဂတ်အရေးနဲ့ ပတ်သက်ပြီး မဆုံးဖြတ်ရသေးဘူးလို့ ဆိုပါတယ်။

ငွေကြယ်

## အနုပညာ

# ဂျော့ဂျ်ကလုံနီနှင့် ဂျူလီယာရောဘတ်တို့၏ရုပ်ရှင်သစ် လာမည့်နှစ်အတွင်း ပြသမည်

ကျော်ကြားတဲ့ ဟောလိဝုဒ်သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ဂျော့ဂျ်ကလုံနီနဲ့ မင်းသမီး ဂျူလီယာရောဘတ်တို့ရဲ့ ရုပ်ရှင်သစ်ကို လာမယ့်နှစ်အတွင်း ပြသသွားမှာဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ဟာ အချစ်ဇာတ်လမ်းအမျိုးအစားဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Ticket to Paradise လို့ အမည်ပေးထားတဲ့ အဆိုပါရုပ်ရှင်ကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ မှာ အမေရိကန်မှာ စတင်ပြသသွားမှာပါ။ အဆိုပါရုပ်ရှင်မှာ ဂျော့ဂျ်ကလုံနီနှင့် ဂျူလီယာရောဘတ်တို့ဟာ ကွာရှင်းထားတဲ့ စုံတွဲတစ်တွဲဖြစ်ပြီး သမီးဖြစ်သူလက်ထပ်တာကို ဖျက်နိုင်ဖို့ အတူကြိုးပမ်းခဲ့ကြရာမှ ဘာလီကျွန်းကို အတူခရီးထွက်ဖြစ်ခဲ့တဲ့အကြောင်း ရိုက်ကူးထားတာလည်း ဖြစ်ပါတယ်။



**အေးပြည့် - စုစည်းသည်**

# အများရဲ့အမြင်ကို ဂရုမစိုက်လိုကြောင်း ဆောင်းဟေကို ဖွင့်ဟ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဆောင်းဟေကိုက လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ မဂ္ဂဇင်းအင်တာဗျူးတစ်ခုမှာ သူဟာ သာမန်လူတစ်ဦးအဖြစ်သာ နေလိုကြောင်းနဲ့ သူ့အပေါ်ထားရှိတဲ့ အများရဲ့အမြင်ကို ဂရုမစိုက်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်အရ သိရပါတယ်။


တရုတ်(တိုင်ပေ)ထုတ် မဂ္ဂဇင်းတစ်ခုဖြစ်တဲ့ Harper's Bazaar မှာ ဆောင်းဟေကိုနဲ့ အင်တာဗျူးတစ်ခုပါဝင်နေပြီး အဆိုပါအင်တာဗျူးမှာ ဆောင်းဟေကိုက အထက်ပါအတိုင်း ပြောကြားခဲ့တာဖြစ်ပါတယ်။ ဆောင်းဟေကိုက သူအသက်ကြီးမလာမီမှာ အများရဲ့အမြင်ကို ထည့်သွင်းမစဉ်းစားဘဲ နေလိုကြောင်း ပြောကြားခဲ့ပြီး အသက်အရွယ်အပေါ် သူ့ရဲ့ခံစားချက်ကိုလည်း ပြောကြားခဲ့ပါတယ်။ ဆောင်းဟေကိုက သူ့အနေနဲ့ အသက် ၂၀ အရွယ်၊ ၃၀ အရွယ်၊ ၄၀ အရွယ်တွေမှာ ရုပ်ရည်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတွေရှိခဲ့ပေမယ့် အလွန်သိသိသာသာ ပြောင်းလဲတာမျိုးတော့မရှိဘူးလို့ ဆိုပါတယ်။

ဆောင်းဟေကိုဟာ လတ်တလောမှာ Now, We Are Breaking Up ဇာတ်လမ်းတွဲရုပ်ရှင်မှာ ပါဝင်ထားပြီး အဆိုပါဇာတ်လမ်းတွဲကို ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

# တေလာဆွစ်ရဲ့ Fearless တေးအယ်လ်ဘမ်သစ် စတင်ထုတ်လွှင့်

ကျော်ကြားတဲ့ အမေရိကန်တေးသံရှင်တစ်ဦးဖြစ်သူ တေလာဆွစ်ဟာ ၂၀၀၈ ခုနှစ်အတွင်း ထွက်ရှိခဲ့ပြီးဖြစ်တဲ့ သူ့ရဲ့တေးအယ်လ်ဘမ် Fearless ကို ပြန်လည်ဆန်းသစ်ထားတဲ့ တေးအယ်လ်ဘမ်သစ်ကို လတ်တလောမှာ စတင်ထုတ်လွှင့်ပေးခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးအယ်လ်ဘမ်သစ်ကို ပြီးခဲ့တဲ့သောကြာနေ့က စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး တေးသီချင်း စုစုပေါင်း ၂၆ ပုဒ် ပါဝင်နေတာဖြစ်ပါတယ်။ ယခင်ထွက်ရှိခဲ့ပြီး တေးအယ်လ်ဘမ်ဟောင်းမှ တေးသီချင်း ၁၃ ပုဒ်အပါအဝင် တေးသီချင်းသစ်ခြောက်ပုဒ်နဲ့အတူ ဗားရှင်းသစ်နဲ့ ပြန်လည်သီဆိုထားတဲ့ တေးသီချင်းတွေလည်း ပါဝင်နေတာဖြစ်တယ်လို့ သိရပါတယ်။




**လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅
(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

## အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းဖော်ပြလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၉-၄၃၀၂၇၃၃၇၊ ၀၉-၄၃၀၁၉၁၆၂
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၉-၄၃၀၃၆၀၃၀၊ ၀၉-၄၂၀၁၁၄၀၀၅၊ ၀၉-၄၂၀၁၁၅၀၅၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၉-၄၅၀၀၂၅၁၄၅၊ ၀၉-၅၁၆၆၅၄၃၊ ၀၉-၄၂၀၁၃၆၉၆၀
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၉-၂၀၅၁၆၈၃၊ ၀၉-၆၉၆၁၁၃၆၉၉
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၉-၂၅၄၄၃၆၆၃၀၊ ၀၉-၈၉၃၉၇၅၅၃၈
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၉-၂၅၀၂၀၄၆၅၁၊ ၀၉-၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၉-၆၈၇၉၀၂၇၃၇၊ ၀၉-၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၉-၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၉-၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၉-၉၇၅၃၂၈၆၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၉-၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၉-၂၅၉၀၈၅၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၉-၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၉-၇၈၁၉၀၇၈၀၇

Email (သို့) Viber ဖြင့်
ပေးပို့၍လည်း ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်-

မြန်မာ့အလင်း
mmalygn544@gmail.com
(+95)9420 114 005

ကြေးမုံ
newstest.ygn@gmail.com
(+95)951 66 543

တစ်လအတွင်း မြန်မာ့အလင်း ကျပ်(၅၀)သိန်း၊ ကြေးမုံ ကျပ် (၇၅)သိန်းဖိုးနှင့်အထက် ကြော်ငြာပြီး

5% Discount
အမြန်ဆုံး ရယူလိုက်ပါ

# သတင်းစာဖတ်ပြည်သူများအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar ရောင်စုံသတင်းစာများ မှာယူဖတ်ရှုလိုခြင်းနှင့် သတင်းစာများရောက်ရှိမှု မရှိခြင်းတို့ကြောင့် အခက်အခဲများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၉-၄၃၀၂၇၃၃၇၊ ၀၉-၄၃၀၁၉၁၆၂
- နေပြည်တော်သတင်းစာတိုက်(ဇေယျာသီရိမြို့နယ်)
  ၀၉-၄၅၀၅၃၉၅၅၃၊ ၀၉-၄၂၀၇၀၆၈၆၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၉-၄၃၀၃၆၀၃၀၊ ၀၉-၄၄၈၀၄၂၂၁၄၊
  ၀၉-၄၂၀၁၄၅၆၁၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၉-၄၅၀၀၂၅၁၄၅၊ ၀၉-၄၅၀၀၂၅၅၇၀၊
  ၀၉-၇၇၃၀၉၄၉၃၀
- The Global New Light of Myanmar(ရန်ကုန်)
  ၀၉-၂၅၀၂၀၄၆၅၃၊ ၀၉-၇၇၀၆၇၇၅၁၃၊
  ၀၉-၉၈၃၉၂၄၉၉၀
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၉-၂၀၅၁၆၈၃၊ ၀၉-၄၄၂၂၇၁၁၀၇
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၉-၂၅၄၄၃၆၆၃၀၊ ၀၉-၄၂၂၇၁၁၀၄
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၉-၂၅၀၂၀၄၆၅၃၊ ၀၉-၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၉-၆၈၇၉၀၂၇၁၇၊ ၀၉-၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၉-၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၉-၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၉-၉၇၅၃၂၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၉-၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၉-၂၅၉၀၈၅၈၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၉-၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၉-၇၈၁၉၀၇၈၀၇

**သင့် လုပ်ငန်းများအောင်မြင်ဖို့**

အမြို့မြို့အနယ်နယ်ပျံ့သည့်

**မြန်မာ့အလင်း**

**ကြေးမုံ**

GLOBAL NEW LIGHT OF MYANMAR

သတင်းစာတွင် ကြော်ငြာထည့်ကြစို့

# စစ်တွေမြို့၌ ရခိုင်ရိုးရာနံ့သာသွေးပွဲ ကျင်းပ



**စစ်တွေ မေ ၁၃**

ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသော ရခိုင်ရိုးရာနံ့သာသွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ နံ့သာသွေးပွဲကို ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၃) ဦးသန်းထွန်း၊ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ရခိုင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့မှ သမီးပျိုများက နံ့သာသွေးရန်နေရာယူကြပြီး နံ့သာစတင်သွေးကြသည်။ ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက နံ့သာသွေးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။ **စာမျက်နှာ ၇ ကော်လံ ၅ သို့** ❑

## မြန်မာ့မီးရထားမှ ရန်ကုန် - နေပြည်တော် - ရန်ကုန် ရထားလမ်းပိုင်း၌ အမှတ်(၈)အစုန် လူစီးရထားနှင့် နေပြည်တော်-မန္တလေးလမ်းပိုင်းတွင် RBE လူစီးရထားခရီးစဉ်ပြေးဆွဲ

**နေပြည်တော် မေ ၁၃**

ရန်ကုန်-နေပြည်တော်-ရန်ကုန်ရထားလမ်းပိုင်း၌ ခရီးသွားမိဘပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရန်အတွက် မေ ၄ ရက်မှစ၍ အဆန်တစ်ရက်၊ အစုန်တစ်ရက်ဖြင့် စတင်ပြေးဆွဲပေးခဲ့သည်။

မဟာသင်္ကြန်ကာလအတွင်း ခရီးသွားမိဘပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရန် ယနေ့နံနက် ၆ နာရီတွင် အမှတ်(၈)အစုန် နေပြည်တော်-ရန်ကုန် လူစီးရထားပြေးဆွဲခဲ့ရာ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ နှစ်ခုံတစ်ယောက်နှုန်းဖြင့် နေပြည်တော်ဘူတာနှင့် ခရီးစဉ်တစ်လျှောက်ဘူတာမှ ရထားစီးခရီးသည် အထက်တန်း/ ရိုးရိုးတန်း စုစုပေါင်း ၄၂ ဦးတို့ လိုက်ပါစီးနင်းခဲ့သည်။

ထိုနည်းတူ နေပြည်တော်-မန္တလေးလမ်းပိုင်း၌ RBE လူစီးရထားသည် နေပြည်တော်ဘူတာမှ **စာမျက်နှာ ၇ ကော်လံ ၅ သို့** ❂




ကြေးမုံ ယနေ့ ဖတ်စရာ

**ဥရောပတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူပေါင်း တစ်သန်းကျော်ရှိလာ** စာမျက်နှာ » ၁၂

**နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်** စာမျက်နှာ » ၂၂

**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၇)ရပ်ကွက် အောင်မေတ္တာလမ်းနေ မဝင်းသန္တာဆွေအား သတ်ဖြတ်ခဲ့သူများနှင့် ပါဝင်ပတ်သက်သူများအား ပြစ်ဒဏ်အသီးသီးချမှတ်** စာမျက်နှာ » ၂၅


## လင်ဂတ်ကို ခေါ်ယူရေး ပီအက်စ်ဂျီ၊ အင်တာမီလန်နဲ့ ရီးယဲလ်မက်ဒရစ်တို့ စောင့်ကြည့်မှုများပြုလုပ်နေ

ဥရောပရဲ့ ထိပ်တန်းကလပ်အသင်းတွေဖြစ်တဲ့ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်း၊ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းနဲ့ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းတို့ဟာ အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ဝက်စ်ဟမ်းအသင်းနဲ့ ခြေစွမ်းပြကစားနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမား လင်ဂတ်ကို ခေါ်ယူနိုင်ရေးအတွက် စောင့်ကြည့်မှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

ကွင်းလယ်ကစားသမားလင်ဂတ်ဟာ ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက မန်ယူအသင်းကနေ ဝက်စ်ဟမ်းအသင်းဆီ တစ်ရာသီအငှားစာချုပ်နဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ဝက်စ်ဟမ်းအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ကိုးပွဲမှာ ရှစ်ဂိုးအထိသွင်းယူနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ အဲဒီလို စွမ်းဆောင်ရည်ကောင်းတွေ ပြသနိုင်ခဲ့တာကြောင့် အင်္ဂလန်အသင်းကလည်း နိုင်ငံလက်ရွေးစင်အသင်းမှာ ပါဝင်လာဖို့ ခေါ်ယူခြင်းခံခဲ့ရပါတယ်။

ကွင်းလယ်ကစားသမားလင်ဂတ်ဟာ တနင်္ဂနွေနေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ လက်စတာစီးတီးအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာ ဝက်စ်ဟမ်းအသင်းအတွက် နှစ်ဂိုးသွင်းယူပေးခဲ့တာကြောင့် **စာမျက်နှာ ၂၈ ကော်လံ ၅ သို့** ○

